
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လူရှင်သုသာန်

ဒေဝစကြာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ကိုရဲ |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း ကြယ်ပွင့်စာပေ (ယာယီ-၁၈၀၇) အမှတ် ၄၄-ဘီ၊ မြေညီထပ်၊ ၈ရလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ဒေဝစကြာ

လူရှင်သုသာန် / ဒေဝစကြာ - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၆၈ - စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သည့်အခန်းများ

၁။ မှင်စာလေးတစ်သိုက်

၂။ ကျောင်းတော်က ရန်စ

၃။ လူစားသော ရေကန်ကြီး

၄။ မကျွတ်မလွတ်ချစ်သူ

၅။ အတိတ်ခြေရာကောက်ခြင်း

၆။ တစ္ဆေတကာယ်ခြောက်မခြောက်

၇။ သွေးစွန်းသော လရောင်

၈။ ဓါတ်ပုံထဲက သဲလွန်စ

၉။ လူရှင်သူသာ်န်

၁၀။ အုတ်ဂူပေါ်က ချောကလက်

၁၁။ လူမည်းကြီးလက်တွင်း သက်ဆင်းရပြီ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူထုတ်ဝေပြီးသော စာအုပ်များ


၁။ သချိုင်းစောင့်တစ္ဆေ
၂။ ဝိညာဉ်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
၄။ မရဏရန့်
၅။ သွေးသောက်တဲ့မြိုင်
၆။ မိစ္ဆာတေလေ တောလုံးမွှေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိပ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နမိတ်
၁၃။ ဝဋ်ကြွေးကြမ္မာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲ့တိုက်
၁၅။ ဝိညာဉ်နက်ဧကရီ
၁၆။ ခန္ဓာနှင့်ဝိညာဉ်
၁၇။ ဥပါဒါန်မုန်တိုင်း
၁၈။ မရဏတမာန်
၁၉။ မိစ္ဆာမုဆိုး
၂၀။ ငရဲသို့ဖြတ်လမ်း
၂၁။ သေတမ်းကစားသူ
၂၂။ ဒြပ်မဲ့ခန္ဓာ
၂၃။ မရဏတံခါး၏အခြားတစ်ဖက်
၂၄။ တမလွန်ခရီးသွား
၂၅။ လကွယ်ညအိပ်မက်ဆိုး
၂၆။ အသူရာလမ်းက အိမ်နီကြီး
၂၇။ သံသရာအကျဉ်းသား
၂၈။ အဆိပ်သင့်ဝိညာဉ်
၂၉။ ခွေးနက်ကြီးနဲ့လူ
၃၀။ သေရွာပြန်ချစ်သူ
၃၁။ တစ္ဆေဂေဟာ
၃၂။ သရဲကုန်းကမိစ္ဆာ
၃၃။ သချိုင်းမှအလည်လာသူ
၃၄။ ဒါန်းစီးတစ္ဆေ
၃၅။ ယက္ခမြိုင်မှတစ္ဆေမ
၃၆။ တစ္ဆေကျိန်စာ
၃၇။ ငရဲကလာတဲ့တစ္ဆေ
(ယခုလ)
၃၈။ လူရှင်သုသာန်


www.burmeseclassic.com

www.burmeseclassic.com

* ချိုချိုသင်းက တစ္ဆေသရဲပုံပြင်တွေကို သိပ်ယုံလေ့မရှိ။ အခု တော့ ဒီရောက်ရောက်ချင်း မြို့သစ်က သူ့ကို ဂမ္ဘီရဖြစ်ရပ် တစ်ခုနှင့် ကြိုဆိုတာ ခံရလေပြီ။

## (၁) မှင်စာလေးတစ်သိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁) မှင်စာလေးတစ်သိုက်

အဖြူရောင် ဆလွန်းကားအသစ်ကလေးက၊ လေးညို့က လွှတ်လိုက်သည့် မြားတစ်စင်းလို၊ တဟုန်ထိုး ပြေးလွှားနေသည်။ ကားပြတင်းမှတိုးဝင်လာသော လေအေးအေးက မျက်နှာကို ရေခဲရေနှင့် ပက်လိုက်သလို စိမ့်အေးစေသဖြင့်၊ ကားမောင်းသူဘေးတွင် ထိုင်ရင်း၊ ခုံပေါ်တွင် မှေးစက်လာသည့် ချိုချိုသင်းသည် အိပ်ယာက နိုးလာ၏။

သူ့ဘေးတွင် ကားကိုကျင်လည်စွာမောင်းနေသည့် ညိုညိုဝင်းက သူ့ဘက်ကို လှည့်ကြည့်ကာ ပြုံးရင်း . . .

"နိုးလာပြီလား ချိုချို"

ဟုမေး၏။ ချိုချိုသင်းက ခေါင်းညိတ်ပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ငါ ခဏအမှေးကနဲ အိပ်ပျော်သွားတယ် ထင်တယ်"

သူတို့ညီအစ်မနှစ်ယောက် ရန်ကုန်က နံနက်စောစော ငါး နာရီလောက်ကတည်းက ထွက်ခဲ့ကြ၏။ ကားကို တစ်ယောက်တစ် လှည့်စီ မောင်းခဲ့ကြသည်။ ၈နာရီလောက်က လက်ဖက်ရည်သောက် ရန် ကားတစ်ခါရပ်သည်။ ၁၂နာရီထိုးတော့ ထမင်းစားရအောင် တစ်ခါရပ်သည်။ အဲဒီမှ ထွက်လာကတည်းက ညိုညိုဝင်းက၊ တစ် ဆက်တည်းမောင်းလာခဲ့သည်။

ကားက တောင်ပေါ်တက်စမှာ ရာသီဥတုက စတင်ပြောင်း လာ၏။ တဖြည်းဖြည်း အေးလာခြင်းပင်ဖြစ်သည်။ အခုတော့ တောင် ထိပ်ရောက်လုနီးပြီ။ လေအေးတိုးသဖြင့် ချိုချိုသင်းနိုးလာခြင်း ဖြစ် သည်။ ညိုညိုဝင်း ကားမောင်းနေတာကြည့်ရတာ လန်းလန်းဆန်း ဆန်း ရှိနေသဖြင့်၊ လူမလဲတော့ဘဲ သူ့ကိုပဲ ဆက်မောင်းခိုင်းတာ ကောင်းမည်ဟု ချိုချိုသင်းက ဆုံးဖြတ်လိုက်၏။ ပြီးတော့ တောင်ပေါ် လမ်းတွေက မြင့်မောက်ကာ အကွေ့အကောက်များ၏။ လမ်းအထာ ကိုသိသော မောင်းနေကျလူမောင်းမှသာ အဆင်ပြေပေမည်။ သူက ဒီလမ်းကို ဒီတစ်ခေါက် ပထမဆုံးရောက်ဖူးခြင်း ဖြစ်သည်။

"စခန်းသာက ဘယ်လိုနေသလဲ"

ချိုချိုသင်းက မေးလိုက်၏။ ညိုညိုဝင်းက လှည့်မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဂရုတစိုက်မောင်းနေရင်း . . .

"ကောင်းပါတယ်၊ တို့နေခဲ့တဲ့ မြိုင်သာမြို့နဲ့တော့ မတူဘူး ပေါ့၊ မြိုင်သာက ပိုစည်ကားတယ်၊ ဒါပေမယ့် ငါ့အမြင်တော့ လူရှုတ် ထွေးတယ် ထင်တာပဲ၊ ဒီမှာက အေးချမ်းတိတ်ဆိတ်တယ်၊ မြို့နှစ်မြို့ က မိုင်ငါးဆယ်သာသာပဲဝေးတယ် ဆိုပေမယ့်၊ တောင်ပေါ်နဲ့ တောင် အောက်ဆိုတော့ နင်မြင်တဲ့အတိုင်းပဲ ရာသီဥတုက ကွာတယ်၊ ငါက တော့ အအေးကြိုက်တော့ အဆင်ပြေတာပေါ့"

ချိုချိုသင်းက သက်ပြင်းချလိုက်သည်။ သူတို့ညီအစ်မနှစ် ယောက်က (၂)နှစ်ကြီး (၂)နှစ်ငယ်များဖြစ်တော့၊ သူငယ်ချင်းဆန် ဆန် ပေါင်းကြသည်။ နင် ငါဟုပင် ပြောကြသည်။ တောင်ပေါ်ကို ရောက်လာသည်။ "စခန်းသာမှကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကို ကျော်လွန်လာသည်။ မြို့ကလေးက အိမ်ခြေခပ်ကျဲကျဲ။ ဝန်းနှင့် ခြံနှင့် တိတ်ဆိတ်သော အရသာခံစားရသည်။ ကားပြတင်းပေါက်မှ လှမ်း ကြည့်ရင်း ချိုချိုသင်းက . . .

"ပျင်းစရာတော့ကောင်းမှာပဲ"

"မြို့လယ်ကတော့ စည်ကားပါတယ်၊ စားသောက်ဆိုင်ရှိ တယ်၊ ရုပ်ရှင်ရုံရှိတယ်၊ စတိုးဆိုင်တွေရှိတယ်၊ ရန်ကုန်မှာလိုပဲ လိုချင် တဲ့ ပစ္စည်းအကုန်ရှိတယ်"

ဟု ညိုညိုဝင်းကပြောရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ လေးငါးနှစ်နဲ့ ဒီမြို့ကလေးမှာအသားကျနေပြီ။ မိတ်ဆွေသစ်တွေလည်း ရနေပြီ"

"အင်း . . . နင်ကတော့ ဘာမှရင်ထဲမှာ စွဲစွဲမြဲမြဲရှိတဲ့သူမှ မဟုတ်ဘဲ"

"ငါ့ဆီမှာ ရင်ထဲသိမ်းထားရမယ့် ဇာတ်လမ်းမျိုးလည်း မရှိဘူးလေ"

ဟုပြောပြီးမှ ညိုညိုဝင်းက သူ့အစ်မကို အားနာသွားသည်။ ချိုချိုသင်းမှာက လွန်ခဲ့သော လေးငါးနှစ်က ဖြစ်ပွားခဲ့သော မေ့မရနိုင်သည့် ကြေကွဲစရာဇာတ်လမ်းတစ်ပုဒ် ရှိခဲ့သည်မဟုတ်လား။ ဒီအဖြစ်ကြောင့်ပင် ဇာတိမြို့လေးကိုစွန့်ခွာကာ သူတို့မိသားစုဇာတိမြို့လေးက ပြောင်းခဲ့ကြရသည်။

အဖေရယ်အမေရယ် သူရယ်က မြိုင်သာမှ ဤစခန်းသာသို့ ပြောင်းရွှေ့ခဲ့ကာ၊ ချိုချိုသင်းကိုတော့ ရန်ကုန်ရှိအဘိုးအဘွားများထံပို့ကာ တက္ကသိုလ်တက်စေခဲ့၏။ ဤနှစ်များအတွင်း ချိုချိုသင်းတစ်ခေါက်မှ အိမ်ပြန်မရောက်ခဲ့။ အိမ်နှင့် လေးငါးနှစ်လုံး ကင်းကွာနေခဲ့သည်။

ယခု တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးမှသာ ပြန်လာနိုင်ခဲ့ခြင်း ဖြစ်၏။ ညီမဖြစ်သူက ကားဖြင့်ရန်ကုန်သို့သွားခေါ်သည်။ မှိုင်တွေတွေဖြစ်သွားသော ချိုချိုသင်းကိုကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



ညိုညိုဝင်းက . . .

"ဆောရီးပဲ ချိုချို ငါ . . . ဒီလိုမပြောသင့်ဘူး"

"ကိစ္စမရှိပါဘူး"

ကားကိုမောင်းလာရင်းက ရုတ်တရက် ညိုညိုဝင်းက ရပ်လိုက်၏။ ချိုချိုသင်းက . . .

"ဘာဖြစ်တာလဲ" ဟုမေးတော့ . . .

"နင့်ကို ထူးခြားတဲ့အကြောင်း ပြောချင်လို့"

"ဘာအကြောင်းလဲ"

"ရထားလမ်းက မှင်စာလေးတွေအကြောင်း"

"မှင်စာ . . . ဟုတ်လား"

မှင်စာဆိုတာက ကလေးသရဲကလေးတွေကို ခေါ်တာတော့ ချိုချိုသင်းသိသည်။ ကားရပ်ထားတာ ကြည့်လိုက်တော့ မီးရထားသံလမ်းပေါ် ခွလျက် ဖြစ်နေသည်။ ဤနေရာမှာ ကားလမ်းနှင့်ရထားလမ်း လမ်းဆုံနေရာဖြစ်၏။ မြို့အတော်များများတွင်ပင် ဒီလိုနေရာမျိုး ရှိတတ်သည်။

ဤနေရာတွင် ရထားလာကာနီးပါက၊ ကားတွေ မဖြတ်သန်းနိုင်အောင် ယာယီသံတံခါးများ ပိတ်ထားတတ်ကြ၏။ ရထားကျော်လွန်သွားအောင် ကားတွေက ရပ်စောင့်ကြရသည်။ ရထားကျော်သွားမှ တံခါးစောင့်က ပြန်ဖွင့်ပေး၏။ ဤနေရာတွင် တံခါးဖွင့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရန် တံခါးစောင့်ဝန်ထမ်းတစ်ယောက် ရှိလေ့ရှိသည်။

ချိုချိုသင်းက တစ္ဆေသရဲပုံပြင်တွေ သိပ်ယုံလေ့မရှိ။ အခု တော့ ဒီရောက်ရောက်ချင်း မြို့သစ်က သူ့ကို ဂမ္ဘီရဖြစ်ရပ်တစ်ခုနှင့် ကြိုဆိုတာခံရလေပြီ။

ညိုညိုဝင်းက . . .

"တော်တော်စိတ်ဝင်စားစရာကောင်းတယ် ချိုရဲ့၊ ဒီမြို့မှာ တော့ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ ဇတ်လမ်းတစ်ပုဒ်ပဲ"

"ဆိုပါဦး၊ မှင်စာလေးတွေနဲ့ ရထားလမ်းနဲ့ ဘယ်လိုသက် ဆိုင်နေတာလဲ"

"အဲဒါ . . . ပုံပြင်တော့မဟုတ်ဘူး ချိုရဲ့၊ လွန်ခဲ့တဲ့ အနှစ် သုံးဆယ်က တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော အနှစ်သုံးဆယ်က ဖြစ်သည်။ ဆောင်းတွင်း မနက်ခင်းစောစောဖြစ်သည်။ ဤနေ့နံနက်ခင်းတွင်မှ နှင်းကလည်း ထူထပ်စွာ ကျရောက်နေ၏။ ကျောင်းသားကျောင်းသူများကို ကျောင်း သို့ပို့ရန်၊ တင်ဆောင်မောင်းနှင်လာသည့် ကျောင်းကြိုဖယ်ရီကား တစ်စီး။ ကားပေါ်တွင် ကားဒရိုင်ဘာနှင့်အတူ ကျောင်းသူကျောင်း သား(၈)ယောက် ပါလာသည်။ အားလုံး ကိုးယောက်။ ကျောင်းကြိုစ ဖြစ်သဖြင့် ကျောင်းသားဦးရေနည်းပါးနေခြင်း ဖြစ်သည်။

ကျောင်းကားသည် ဤရထားလမ်းဆုံကို ပုံမှန်ဖြတ်ရစမြဲ ဖြစ်သည်။ ဤရထားလမ်းဆုံနှင့် ဓါတ်တိုင်လေးငါးတိုင်ဝေးသော နေရာတွင် မြို့ဘူတာရုံကလေးရှိသည်။ ဘူတာရုံကလေးမှာ ခပ်သေး



www.burmeseclassic.com

www.burmeseclassic.com



သေးသာဖြစ်၍ ဘူတာရုံပိုင်နှင့် ဝန်ထမ်းနှစ်ယောက်သာ ရှိသည်။ ရုံပိုင်ဦးဇော်အောင်မှာ စိတ်ကောင်းသဘောကောင်း၍ လူချစ်လူခင်များသောသူဖြစ်၏။ ထိုနေ့ကလည်း သူသည်ဗီရိယကောင်းစွာ ဘူတာရုံသို့ အစောကြီးရောက်နေသည်။ ရထားက ဗ်နာရီသာသာတွင် သူတို့ဘူတာသို့ ဆိုက်ရောက်လာမြဲဖြစ်၏။ အချိန်နီးကပ်လာသော အခါ သူသည် တံခါးစောင့်ကို ရထားလမ်းဖြတ်သန်းတံခါးကိုပိတ်ရန် အဝေးမှ ခလုတ်နှိပ်ကာ အသိပေးလိုက်၏။

ဤဘဲလ်သံကြားရလျှင် တံခါးစောင့် ကိုထွန်းသန်းသည် တံခါးပိတ်ရစမြဲဖြစ်၏။ ကိုထွန်းသန်းမှာ ရိုးသားကာ အလုပ်ကို ဂရုစိုက်သူဖြစ်သည်။ သို့သော် သူမှာ မူးယစ်သောက်စားတတ်သော ပြစ်မှုကလေးတစ်ခုတော့ရှိ၏။ ဤကိစ္စနှင့်ပါတ်သက်၍ ရုံပိုင်က မကြာခဏ ဆုံးမစကားပြောလေတိုင်း . . .

"သောက်တာသောက်တာပါ ဆရာရယ်၊ ကျွန်တော်က ဘယ်တုန်းကများ ဝတ္တရားပျက်ကွက်ဖူးလို့လဲ"

ဟု အမြဲပင် ဆင်ခြေပေးတတ်သဖြင့် လက်လျှော့ထားရခြင်း ဖြစ်သည်။ သူသာ တိတိကျကျ ဆောင်ရွက်တတ်သူဖြစ်ပြီး ကိုထွန်းသန်းကို စောစောစီးစီး အလုပ်က ထုတ်ပစ်ခဲ့လျှင် ဤသို့ အဖြစ်ဆိုး ပေါ်ပေါက်လာစရာ အကြောင်းမရှိ။ အခုတော့ အစစအရာရာ နောက်ကျခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ညက ရေချိန်လွှန်သွားသဖြင့်၊ တံခါးအနီးတွင်ရှိသော တဲကလေးထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသောကိုထွန်းသန်းသည် ဘူတာရုံမှလှမ်းကာ အချက်ပေးသော ရထားသံလမ်းပိတ်ရန် ခေါင်းလောင်းသံကို လုံးဝမကြားနိုင်ဘဲရှိ၏။

ဦးဇော်အောင်သည် ဘူတာရုံမှ ထိုနေရာသို့ လှမ်းကြည့်၏။ ရာသီဥတုကြည်လင်နေလျှင် လှမ်းမြင်နိုင်သော်လည်း နှင်းတွေထူထူထဲထဲကျနေသော ဤလိုနေ့မျိုး၌ ရှေ့သုံးကိုက်ထက်ပို၍မမြင်နိုင်ဘဲ ရှိနေလေသည်။ သတိကောင်းသော ဦးဇော်အောင်သည် ထွန်းသန်းကို စိတ်မချသဖြင့်၊ ထိုနေရာကို ကိုယ်တိုင်ကြည့်ရှုရန် ထွက်ခွာလာခဲ့၏။ သူက ထိုသံလမ်းဆုံနေရာသို့ လမ်းလျှောက်လာနေစဉ်မှာပင်-

ရထားကလည်း ထိုနေရာကို ခုတ်မောင်းလာ၏။

ကျောင်းကြိုကား မောင်းနှင်လာသော ဒရိုင်ဘာကလည်း ရထားသံလမ်းတံခါး ပိတ်ထားတာ မတွေ့ရသဖြင့် အေးအေးလူလူပင် ထိုနေရာကိုဖြတ်ကာ မောင်းလိုက်၏။

ကားထဲကလေးများသည် ပျော်ရွှင်စွာ သံပြိုင်သီချင်းတစ်ပုဒ်ကို ဆိုလာကြသည်။ ထို့ကြောင့်ပင် မောင်းလာသောရထားသံကို ကားမောင်းသူက မကြားရခြင်း ဖြစ်သည်။

ဆိုးဝါးလှသော ကံကြမ္မာပင်။ ဤအဖြစ်အပျက်အတွက် ထိုစဉ်ကလည်း တစ်မြို့လုံး ယူကြုံးမရဖြစ်ခဲ့ကြရသည်။ အနှင်း(၁၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားခဲ့သည့် ယနေ့တိုင်အောင်လည်း ဤကိစ္စကို တသသပြော၍ မဆုံးအောင်ရှိခဲ့ကြ၏။

ကားက ရထားလမ်းပေါ်ဖြတ်နေစဉ်မှာပင် နှင်းတောထဲမှ ဘွားကနဲပေါ်လာသော ရထားက ကျောင်းကြိုဘတ်စ်ကားကို ပြင်းထန်သော အရှိန်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* "ချိချိ ဒီမြို့မှာတော့ မင်းကောင်းကောင်းနေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မင်းကြောင့် မိဘတွေ သိက္ခာကျရမယ့် အဖြစ်မျိုးတွေ အရင်ကလို မဖန်တီးမိပါစေနဲ့"

## (၂) ကျောင်းတော်က ရန်စ

www.burmeseclassic.com

www.burmeseclassic.com

## (၂) ကျောင်းတော်က ရန်စ

ဒီကားတိုက်မှုနဲ့ပတ်သက်ပြီး နောက်ဆက်တွဲဖြစ်လာတာ တွေကတော့ . . .

တံခါးစောင့်ကြီးကို အလုပ်က ထုတ်ပစ်လိုက်တယ်။ ရုံပိုင် ဦးဇော်အောင်ကိုလည်း တာဝန်ရှိသူအနေနဲ့ ရာထူးတစ်ဆင့်လျှော့ပြီး အဝေးက တောဘူတာရုံလေးတစ်ခုကို ပြောင်းရွှေ့ထမ်းဆောင်ဖို့ အမိန့်ချလိုက်တယ်။ ဦးဇော်အောင်ဟာ သေဆုံးသွားတဲ့ကလေးတွေ ထဲမှာ သူ့သမီးအငယ်ဖြူဖြူလည်းပါတော့၊ ယူကြုံးမရဖြစ်နေတုန်း တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်လာတော့ . . .

ဒီစိတ်ဒုက္ခဒဏ်ကို မခံစားနိုင်အောင် အခြေအနေဆိုး လာတယ်။ ကွယ်လွန်သွားတဲ့ ကလေးတွေရဲ့ မိဘတွေကလည်း ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်စကား ပြောရုံတင်မကဘူး။ သူ့အသက်ကိုပါ အန္တရာယ်ပြုဖို့ ခြိမ်းခြောက်လာတွေ ရှိတယ်။ နောက်ဆုံးတော့ ဦးဇော်အောင်ဟာ ဆွဲကြိုးချပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတယ်။ သူ့မိန်းမလည်း အဲဒီကတည်းက သူ့သမီးအကြီးကိုလက်ဆွဲပြီး ဒီမြို့ကို ကျောခိုင်းထွက်ခွာသွားတော့တယ်။

ဤအဖြစ်အပျက်တွေကို နားထောင်ရင်းပင် ချိုချိုသင်းသည် အံ့သြထိတ်လန့်နေသည်။ ဒါတွေက အနှစ်သုံးဆယ်ကြာခဲ့ချေပြီတဲ့။

ချိုချိုသင်းက . . .

"ဒီဇာတ်လမ်းနဲ့ အခု နင်ဒီနေရာမှာ ကားရပ်နေတာနဲ့ ဘယ်လိုပတ်သက်လို့လဲ ညိုညို"

"အခု တို့ရပ်နေတဲ့နေရာက အဲဒီကားတိုက်မှုဖြစ်တဲ့နေရာလေ"

အခုမှ ချိုချိုသင်း သတိထားမိသည်။ သူတို့ကားက သံလမ်းပေါ် တည့်တည့် ခွရပ်ကာထားခြင်း ဖြစ်သည်။ ချိုချိုသင်းက အလျင်အမြန် ဝဲယာသံလမ်းတစ်လျှောက် အကဲခတ် ကြည့်လိုက်၏။ အခုအချိန် ရထားလာလျှင် မလွယ်။ သူတို့ကားကို ဖြတ်တိုက်သွားပေမည်။ သူ့ကိုကြည့်၍ ညိုညိုက ပြုံးလိုက်ကာ . . .

"ဒီလောက်စိုးရိမ်မနေပါနဲ့ ချိုချိုရဲ့၊ အခု ဒီလမ်းက ရထားမသွားတော့ပါဘူး၊ တခြားလမ်းက ကွေ့သွားတယ်၊ ဒါဟာ အသုံးမပြု



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ လမ်းပေါင်းတစ်ခုပါ"

ဆိုတော့မှ ချိုချိုသင်း သက်ပြင်းချနိုင်သည်။ ပြီးမှ . . .

"ဒါဆို . . . နင်ပြောတဲ့ထူးဆန်းတယ်ဆိုတာက ဘာလဲ" ဟုမေးလိုက်မိ၏။ ညိုညိုက ဆရာကြီးပုံစံဖြင့် . . .

"အဲဒီတုန်းက သေသွားတဲ့ကလေးတွေဟာ အခုအချိန်အထိ မကျွတ်မလွတ်သေးပဲ ဒီနေရာမှာ မှင်စာကလေးတွေ ဖြစ်နေတယ်တဲ့၊ တကယ်လို့ တစ်စုံယောက်က တို့အခုလုပ်သလို ကားကို ဒီသံလမ်းပေါ်မှာရပ်ထားရင် အဲဒီမှင်စာကလေးတွေက ကားကိုသံလမ်းကနေလွတ်အောင် တွန်းရွှေ့ပစ်တယ်တဲ့၊ သူတို့လို အန္တရာယ်မဖြစ်အောင် အကူအညီပေးတဲ့သဘောပေါ့"

"ငါတော့ မယုံဘူး"

ချိုချိုသင်းက ပြောလိုက်၏။

"မယုံတဲ့သူတွေက အခုလိုပဲ လာစမ်းသပ်ကြတယ်၊ အဲဒီအခါမှာ သူတို့ကားတွေဟာ တွန်းတဲ့သူမမြင်ရဘဲ ဒီသံလမ်းပေါ်ကနေ လွတ်အောင်ရွှေ့သွားတယ်တဲ့"

ချိုချိုသင်း ကြက်သီးထမိသွားသည်။ သူပြောတာတွေက တကယ်ကြက်သီးထစရာ။ သို့သော် သူတို့ကားက အခုအချိန်အထိ တစ်စက်ကလေးမှ လှုပ်ခြင်းရွှေ့ခြင်း အလျဉ်းမရှိ။ သူတို့နှစ်ယောက်လုံး တိတ်ဆိတ်စွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကားဘီးရွှေ့လာမည့်အဖြစ်ကို ရင်တထိတ်ထိတ်စောင့်စား နေစဉ် . . .

ရုတ်တရက် ထွက်ပေါ်လာသော အသံဆိုးကြီးကြောင့် နှစ်ယောက်လုံး လန့်ဖြတ်သွားကာ "ဘုရား" တလိုက်မိသည်။ တကယ်တော့ သူတို့နောက်ဖွင့်ရပ်နေသော ဆယ်ဘီးကားကြီး တစ်စီးက လမ်းဖယ်ပေးရန် ဟွန်းတီး၍ သတိပေးလိုက်ခြင်း ဖြစ်၏။ ဤကားကြီးတွေ၏ဟွန်းသံက တကယ်ပင် ရင်တုန်စရာကောင်းသည်။

ကားဟွန်းသံမှန်း သိတော့မှ သူတို့အကြောက်လွန်နေတာတွေးမိပြီး ရယ်မောလိုက်ကြ၏။ ဟုတ်သည်။ သူတို့ကအကြောင်းမဲ့ လမ်းပိတ်ကာ ရပ်ထားသလို ဖြစ်နေသည်။ ညိုညိုက ကားစက်နှိုးနေစဉ် ချိုချိုက တစ်ဘက်ကိုကြည့်လိုက်တော့၊ သံလမ်းပေါ်တွင် ရပ်နေသော ဂါဝန်ဖြူဖြူနှင့် ဆယ်နှစ်အရွယ် ကောင်မလေးတစ်ယောက်ကို မြင်ရ၏။

ကောင်မလေးက ဆံပင်ကောက်ကောက် ပါးဖေါင်းဖေါင်း။ မျက်လုံးဝိုင်းဝိုင်းနှင့်မို့ ချစ်ခင်စဖွယ်ဖြစ်သည်။ သူက လက်ပြကာ လှမ်းနှုတ်ဆက်သော်လည်း ဘာမှမတုန့်ပြန်ဘဲ အသက်ကင်းမဲ့စွာ ကြောင်တောင်တောင် ငေးစိုက်ကြည့်နေ၏။ ထိုစဉ်မှာပင် ကားက ထိုနေရာက ထွက်ခွာလာခဲ့သည်။ ခပ်လှမ်းလှမ်းရောက်၍ နောက်ပြန်လှည့်ကြည့်လိုက်တော့ ကောင်မလေးကိုမတွေ့ရတော့ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထူးဆန်းသလိုတော့ ခံစားရသည်။ နောက်တော့လည်း ဤအနီး တဝိုက်တွင် နေထိုင်သော ကလေးတစ်ယောက် သံလမ်းပေါ် လာ ဆော့နေခြင်းဟုတွေးကာ အာရုံထဲက ဖျောက်ဖျက်ပစ်လိုက်တော့ သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

အမေက အိမ်ပြန်ရောက်လာသော သူ့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။ သူက ရန်ကုန်တွင် ကျောင်းတက်နေခဲ့သည့် လေးနှစ်လုံးလုံး အိမ်ကိုတစ်ခေါက်မှမပြန်ခဲ့။ အဖေကတော့ နဂိုကတည်းက ခပ်တည်တည်သမား။ အဖေ့ဆီက ဖော်ရွေမှုကိုတော့ သူ မတောင့်တသင့်။ ပြီးတော့ သူတို့မြို့ကလေးတွင် ဖြစ်ပျက်ခဲ့သော ကိစ္စမှာ သူ့ကိုအရှက်ရစေသည်ဟု ထိုစဉ်ကတည်းက ယူဆခဲ့သူဖြစ်သည်။ သူ့အား . . .

"ချိုချို . . . ဒီမြို့မှာတော့ မင်းကောင်းကောင်းနေလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်၊ မင်းကြောင့် မိဘတွေ သိက္ခာကျစေမယ့် အဖြစ်မျိုးတွေ အရင်ကလို မဖန်တီးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုရောက်ရောက်ချင်း သတိပေးစကားပြော၏။ ချိုချို့က-

"ကျွန်မနားလည်ပါတယ် အဖေ၊ အဲဒီတုန်းက ဖြစ်ခဲ့တယ် ဆိုတာလဲ . . . တကယ်တော့ . . ."

"တော်တော့ . . ."

အမေက တားလိုက်သည်။

"ဒါတွေ ပြန်ပြောနေစရာမလိုဘူး၊ ကဲ . . . သမီးလည်း ခရီးပန်းလာတယ်၊ အပေါ်တက်နားတော့၊ ညိုညိုခေါ်သွား"

ဟုသာ အမိန့်ပေးလိုက်၏။

အိမ်ကလေးက တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ် အသစ်ကလေး ပင်။ တကယ်တော့ သူတို့သားစုက စီးပွားရေးမဆိုးဟု ဆိုနိုင်၏။

အမေဘက်က မျိုးရိုးစဉ်ဆက်ချမ်းသာလာသည့် ကုန်သည် မျိုးရိုး။ အဖေက ပညာတတ်ဆရာဝန်။ ယခု ဤမြို့တွင်လည်း အဖေ က မြို့နယ်ဆေးရုံမှူးဆရာဝန်ကြီး။ သူ့သဘောဆန္ဒသူ ဤမြို့ကို ပြောင်း ရွှေ့ပေးရန် တောင်းဆိုပြီး ပြောင်းရွှေ့လာသူ။ အမေကတော့ မြို့လယ် ဈေးကြီးအနီးတွင် စတိုးဆိုင်တစ်ဆိုင်ဖွင့်ထားကာ စီမံအုပ်ချုပ်နေသူ။ ညိုညိုဝင်းသည် အမေ့အလုပ်ကိုကူညီရန် အဝေးသင်တက္ကသိုလ်သာ တက်ရောက်ခဲ့၏။

သူတို့ညီအစ်မနှစ်ယောက်က အပေါ်ရှိအခန်းကျယ်တခုခု တွင် အတူအိပ်စက်ရသည်။ ကုတင်ကတော့ တစ်ယောက်တစ်လုံးစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ချိုချိုသင်းက ရန်ကုန်တွင်နေစဉ်က သူတစ်ယောက်တည်း တစ်ခန်းနေခဲ့၏။ ဒီတော့ ဒီလိုပူးတွဲနေတာ သိပ်တော့သီးသန့်မဆန်ဟု ထင်မြင်မိ၏။

သို့သော် သူတို့ညီအစ်မနှစ်ယောက် ဒီလိုမနေရတာကြာပြီပဲ။ ပြီးတော့ ဒီမြို့နှင့်ပတ်သက်၍ သူသိစရာရှိသည်များကို ညိုညိုထံမှ သင်ယူဖို့အတွက် အချိန်အတော်ကြာ သူနှင့်အတူ ရှိနေသင့်သည်ဟု ယူဆ၏။

ဒါကြောင့် . . .

"ဒီမြို့က လူငယ်တွေက ဘယ်လိုလဲ"

မေးလိုက်တော့ . . .

"အင်း ခင်မင်စရာကောင်းပါတယ်၊ ဒါပေမယ့် နည်းနည်းတော့ တောဆန်ချင်တယ်"

"ဘာကိုဆိုချင်တာလဲ"

"သိပ်ရိုးလွန်းတယ်ခေါ်မလား၊ အစဉ်အလာအတိုင်း တွေးခေါ်လက်ခံတာမျိုးပေါ့၊ ဆန်းဆန်းပြားပြား အယူအဆဆိုရင် လက်ခံဖို့ ဝန်လေးတတ်ကြတယ်၊ ဥပမာ-ဒီမှာ မိန်းကလေးတစ်ယောက် ဘီယာသောက်တယ်ဆိုရင် ကဲ့ရဲ့ကြမှာပဲ"

ချိုချိုသင်းက ပုခုံးတွန့်လိုက်၏။ ညိုညိုဝင်းက . . .

"လက်တွေ့အကဲခတ်ရအောင် ညကျ ငါနဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ . . ."

"မွေးနေ့ပါတီတစ်ခုကို။ ဒီမြို့ကလူငယ်တွေ တော်တော်ခုံခုံ လင်လင်လာကြလိမ့်မယ်၊ နင်ကိုယ်တိုင် သူတို့ကို တွေ့လိုက်ရရင် ဘယ်လိုဟာတွေလဲဆိုတာ ဆုံးဖြတ်ရကောင်းသွားမှာပေါ့"

ညိုညိုဝင်းပြောတာ မှန်သည်။ သူကိုယ်တိုင် လိုက်သွားကာ အကဲခတ်မည်ဟု ချိုချိုသင်း ဆုံးဖြတ်လိုက်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ပါတီပွဲက အတော်ပင်စည်ကားသည်ဟု ဆိုနိုင်သည်။ ဤမြို့ငယ်ကလေးတွင် ရွယ်တူလူငယ်တွေ ဒီလောက်များလိမ့်မည်ဟု ချိုချိုသင်းမယူဆ။ အခုတော့ လူ(၂၅)ယောက်တော့်ကျော်လောက်ကို တွေ့ရ၏။ မွေးနေ့ရှင်မိန်းကလေးအမည်က 'သီတာမြင့်' ဟုဆိုသည်။ ဖြူဖြူဝဝနှင့် ဖော်ရွေသော မိန်းကလေးဖြစ်ကာ သူ့ညီမညိုညိုဝင်းနှင့် သူငယ်ချင်းဖြစ်သည်။

မွေးနေ့ပွဲတွင် မိန်းကလေးတစ်ဦး၏ မွေးနေ့မို့လားမသိ။ မိန်းကလေးတွေက ပိုများနေ၏။ ခြံဝန်းထဲတွင် ကျင်းပနေခြင်းဖြစ်ကာ စားပွဲရှည်နှင့် ခင်းကျင်းထားသော အစားအစာများကို ဘူဖေးအဖြစ်၊ မိမိဖါသာနှစ်သက်ရာ ယူငင်စားသောက်နိုင်သည်။ ညိုညိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုက ခေါက်ဆွဲကြော်နည်းနည်း၊ ကြာဇံကြော်နည်းနည်း၊ အသား တချို့ ယူကာစားသည်။

ညည့်ခံသူတချို့က ကိုလာ၊ ပက်စီ၊ အောရင်းစသော စိတ်ကြိုက်အချိုရည်များကို ဖန်ခွက်များထဲ ထည့်ပေးထားသည်။ ညိုညိုက လိမ္မော်၊ ချိုချိုက ကိုလာ(ကုတ်)ယူကာ စားသောက်ကြ၏။ ညိုညိုဝင်းက ချိုချိုသင်းကို ခပ်ဖြောင့်ဖြောင့်လူငယ်တစ်ယောက်နှင့် မိတ်ဆက်ပေး၏။

"သူ့နာမည်က ထက်ထွန်းတဲ့"

ချိုချိုက တက်ထွန်းကို တက်ထွန်းဟုသာ ကြားလိုက်သဖြင့်-

"တက်ထွန်း . . . ဟုတ်လား"

ဟုမေးတော့ လူငယ်က . . .

"တက်ထွန်းမဟုတ်ပါဘူးခင်ဗျာ၊ ထက်ထွန်းပါ၊ ကျွန်တော့်အမေက ထက်လည်း ထက်မြက်ရမယ်၊ ထွန်းလည်း ထွန်းပေါက်ရမယ် ဆိုတဲ့အဓိပ္ပါယ်နဲ့ ဒီနာမည်ပေးထားတာပါ"

"ရှားရှားပါးပါးနာမည်ပဲ" ချိုချို့အပြောကို . . .

"လူကတော့ နည်းနည်းပေါ်တယ်"

ညိုညိုက အရွှန်းဖေါက်လိုက်၏။ သို့သော် စကားပြောကြည့်တော့ ဒီလူကတကယ့်ကို တည်တည်တန့်တန့် လူငယ်တစ်ယောက်ဖြစ်နေတာ သတိထားမိ၏။ သူကလည်း မန္တလေးတက္ကသိုလ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရတစ်ယောက်ဖြစ်ကာ အဖေဖြစ်သူ၏ သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် ဝင်ကူအလုပ်လုပ်နေသည်ဟုဆို၏။

"ဟော့ . . . ဘယ်သူလဲလို့ ယူကို၊ ဘယ့်နှယ့်ဒီရောက်နေတာလဲ"

အနားကိုရောက်လာကာ မေးလိုက်သော နှုတ်ဆက်သံကြောင့် ကြည့်လိုက်တော့ ခင်စိုးလှိုင်ဖြစ်နေသည်။ ပွဲပျက်ပြီဟု ချိုချိုသင်းတွေးလိုက်၏။ ခင်စိုးလှိုင်ကား ကွယ်လွန်သွားသော သူရည်းစားကျော်မင်းလွင်၏ ညီမတစ်ဝမ်းကွဲဖြစ်၏။

အများယူဆသလိုပင် ကျော်မင်းလွင် သေဆုံးရခြင်းတွင် သူမအပြစ်မကင်းဟု ယူဆနေသူဖြစ်၏။ ကျော်မင်းလွင်၏အသုဘအခမ်းအနားတွင် ချိုချိုသင်းအား အကြီးအကျယ် ရန်တွေ့ဖူး၏။ ခင်စိုးလှိုင်ဘေးတွင် သူ့အဖော်ဖြစ်ဟန်တူသော ကောင်မလေးနှစ်ယောက်ပါလာ၏။

"နင်က သူ့ကိုသိလို့လား"

အနားတွင်ရှိသော သီတာမြင့်က မေးလိုက်တော့ . . .

"သိတာပေါ့၊ ကောင်းကောင်းသိတယ်၊ သူတို့မြို့မှာတော့ သူက နာမည်ကြီးပဲ၊ သူ့ကြောင့် ငါ့အစ်ကိုကျော်မင်းလွင် ဆုံးခဲ့ရတာလေ၊ ဒါကြောင့် အဲဒီမြို့က တစ်မိသားစုလုံး ပြောင်းလာခဲ့ကြတာပဲ"

ညိုညိုက . . .



www.burmeseclassic.com

www.burmeseclassic.com



"နင်လက်လွတ်စပယ်မပြောနဲ့၊ ဒီကိစ္စ ဘယ်လိုဖြစ်တယ်ဆိုတာ အားလုံးသိတယ်၊ ချိုချို့မှာ ဘာမပြစ်မှုမရှိဘူး"

"တော်တော့ ညိုညို၊ သူ့ကို အရေးစိုက်မနေနဲ့"

ချိုချိုက ဝင်တားမြစ်လိုက်သည်။ ခင်စိုးလှိုင်က . . .

"နင် ဒီကိုရော ဘာလာလုပ်တာလဲ၊ ဘယ်သူ့ကိုသတ်ဦးမလို့လဲ"

ဒီတစ်ခါတော့ ညိုညိုဝင်းက တကယ်ပင် မခံချင်ဖြစ်သွား၏။ ပြန်ရန်တွေ့မည်ပြုစဉ် သီတာမြင့်က ကြားဝင်ကာ . . .

"တဆိတ် နင့်လွန်နေပြီ . . . ခင်စိုးလှိုင်၊ အရင်ကဘာဖြစ်ခဲ့တယ်ဆိုတာ ငါမသိဘူး၊ အခုအချိန်မှာ သူကငါ့မွေးနေ့ကို လာတဲ့ဧည့်သည်၊ ငါ့ဧည့်သည်ကို နင်စော်ကားမော်ကား စကားပြောခွင့်မရှိဘူး"

ဒီတော့မှ ခင်စိုးလှိုင်က နှုတ်ခမ်းမဲ့ပြကာ မျက်စောင်းထိုးရင်း အနားကထွက်သွား၏။ ပြီးတော့ သီတာမြင့်က တောင်းပန်၏။

"ဆောရီးပဲ ချိုချို၊ သူ့ကိုယ်စားတောင်းပန်ပါတယ်"

"ရပါတယ်၊ ငါဘယ်လိုမှ မနေပါဘူး၊ တကယ်တော့ သူပြောတဲ့ကိစ္စဆိုတာက . . ."

"နေပါစေ၊ ဒီကိစ္စအတွက် တို့ကိုဘာမှရှင်းပြဖို့မလိုပါဘူး"

"ဟုတ်ပါတယ်၊ လူတစ်ယောက်ကိုမြင်တာနဲ့ ငါတို့က လူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလူဆိုးတော့ ခွဲခြားသိပါတယ်”

ထက်ထွန်းက ဝင်ပြောလိုက်၏။

အအေးဖန်ခွက်ကိုကိုင်ကာ ခြံထောင့်တစ်နေရာကို ချိုချို သင်းထွက်လာခဲ့သည်။ ညိုညိုဝင်းက ထက်ထွန်းတို့နှင့် ကျန်ခဲ့၏။ ချိုချိုသင်း အရင်ကဖြစ်ခဲ့သောကိစ္စကို ရှင်းပြနေဟန်တူ၏။

အရင်က မြို့ကလေးတွင် ချိုချိုသင်း ငယ်သူငယ်ချင်းဟုဆို နိုင်သော၊ ကျော်မင်းလွင်နှင့် ချစ်သူတွေဘဝ ရောက်ခဲ့ကြ၏။ သိပ် လေးလေးနက်နက်ကြီးတော့ ဟုတ်ဟန်မတူ။ မြို့လေးတွင် ထုံးစံ အတိုင်း နီးစပ်သူနှင့် ချစ်သူတွေဖြစ်၊ လက်ထပ်၊ ပြီးတော့ ထိုမြို့ ကလေးတွင်ပင် အခြေချနေထိုင်ကာ သားသမီးတွေမွေး။ သမရိုးကျ ဘဝနေထိုင်မှုတစ်ခုလို့ သဘောထားရမည်။

သူတို့မြို့စွန်တွင် “ဧရာနန္ဒာ” ဟူသော ရေကန်ကြီးတစ်ကန် ရှိ၏။ မြို့အင်္ဂါရပ်တစ်ခုအဖြစ် ရေကန်ရှိမှသာ ပြည့်စုံသည်ဟု ဆိုသူ တို့က ဆိုသည်။ ဤစကားမှာ မှန်ဖွယ်ရှိ၏။ သူတို့မြို့ကလေးအတွက် ဤကန်သည် ဂုဏ်ယူဖွယ်လည်းဖြစ်၏။ အပန်းဖြေနားနေစရာ တစ်ခု တည်းသော နေရာလည်း ဖြစ်၏။ ဆယ်တန်းစာမေးပွဲဖြေပြီးတော့ သူငယ်ချင်းတွေစုကာ ဤကန်ကြီးဆီ ပျော်ပွဲစားထွက်ခဲ့ကြသည်။

အဲဒီမှာ ကြမ္မာငင်ချင်တော့ . . .

ကန်ထဲမှာ လှေစီးရအောင်ဟု ချိုချိုသင်းက ဖိတ်ခေါ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့သူတွေက ပါဆယ်ဂိမ်းကစားနေကြသဖြင့် ကန်ထဲတွင်လှေစီးရန် ချို့ချို့သင်းရယ်၊ ကျော်မင်းလွင်ရယ်သာ ထွက်ခဲ့ကြသည်။ လှေငှားသော ဂိတ်ကို သူတို့ရောက်သွားကတည်းက၊ လှေငှားတဲ့အဘိုးကြီးက လှေမငှားဟုငြင်း၏။ ကျော်မင်းလွင်က . . .

"ဘာဖြစ်လို့လဲ ဘကြီး၊ ကျွန်တော်တို့က ပိုက်ဆံတကယ်ပေးမှာပါ၊ ရော့ . . . မယုံရင် အခုယူထားရတယ်"

လှေငှားခက တစ်နာရီ ၅၀၀ကျပ် ဖြစ်သည်။ သို့သော် အဘိုးကြီးက ကျော်မင်းလွင်ထံမှ လှေငှားခကို လှမ်းမယူသေးဘဲ . .

"ငါက မင်းတို့အကျိုးအတွက် မငှားချင်ဘူးပြောတာကွ၊ ငါ ဒီကမ်းနားဘေးမှာ နေလာတာ အနှစ်ငါးဆယ်ကျော်ပြီ၊ ဒီကန်ကြီးက လူစားကာနီးကျ အော်တတ်တယ်၊ ညက ငါ ဒီကန်ကြီးရဲ့ အော်သံကို ကြားရတယ်၊ ဒါကြောင့် . . .

ဒီနေ့ ငါဘယ်သူ့ကိုမှ လှေမငှားဘူးလို့ ဆုံးဖြတ်ထားတာပဲ" ဟု ရှင်းပြလိုက်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* ကန်ထဲက ငါးတွေကို နတ်ငါးတွေဟု အယ်သူကမှ ဖမ်းယူစား သောက်ခြင်း မပြုကြ။ ဒါကြောင့်လည်း ငါးကြီးတွေက ဤမျှ အထိ ကြီးထွားချင်တိုင်း ကြီးထွားနေကြဟန်တူသည်။

## (၃) လှူစားသော ရေကန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## (၃) လူစားသော ရေကန်ကြီး

ဒီလိုသတင်းမျိုးကိုတော့ သူတို့လည်း အရင်ကကြားဖူးခဲ့ပြီ။ ဒီလိုရေကန်ကြီးဆီက ညဘက်တွင် အော်သံလိုလို၊ အသံကြားရပြီ ဆိုလျှင် . . .

မကြာမီရက်အတွင်းမှာ ၎င်းကန်ကြီးအတွင်း တစ်စုံတစ်ယောက် ရေနစ်သေဆုံးမှုဖြစ်တတ်၏။ ယုတ်စွအဆုံး လူမဖြစ်ခဲ့တောင်မှ ကျွဲနွားတိရစ္ဆာန်တစ်ကောင်ကောင်တော့ ရေနစ်သေဆုံးတတ်၏။ သို့သော် ကျော်မင်းလွင်တို့က ခေတ်လူငယ်တွေပီပီ အယုံအကြည်မရှိ။

"ငှားမှာသာငှားပါ ဘကြီးရယ်၊ ဒီအဓိပ္ပါယ်မရှိတဲ့စကားတွေ ပြောမနေပါနဲ့၊ ပြီးတော့ ကျွန်တော်ရော သူပါ လှေမှောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ရေကောင်းကောင်း ကူးတတ်ကြပါတယ်၊ ရေနစ်မှာ မပူရပါဘူး"

နောက်ဆုံးတော့ ထိုအဘိုးကြီး လက်လျှော့လိုက်သည်။

"အေးလေ . . . ပြောမရရင်လည်း မင်းတို့ကံပဲပေါ့"

ဟုတ်ပါသည်။ နောက်ဆုံးတော့ ကံပဲဟုဆိုရမည်။ လှေဖြင့်ထွက်သွားပြီး မကြာမီ ရေကန်အလယ်အရောက်တွင် လှိုင်းအနည်းငယ် ထလာ၏။ လေမတိုက်ပဲ လှိုင်းအနည်းငယ်ထနေတာက ထူးဆန်းသလို ဖြစ်နေသည်။ ကောင်းကင်ကလည်း နေရောင်ခြည်မပွင့်လက်။ မှိုင်းမှိုင်းပျပျ။ တောင်ရိပ်ကလည်း ရေပေါ် ကျနေ၏။ ထူးထူးခြားခြား ချိုချိုသင်းစိတ်ထဲမှာလည်း မလန်းမဆန်းဖြစ်နေ၏။

ရေထဲတွင် သေသေချာချာ စူးစိုက်ကြည့်လိုက်တော့မှ လှေကိုပတ်ကာ ကူးခတ်နေသော ငါးကြီးတွေကို တွေ့ရ၏။ ငါးကြီးတွေက ဘာငါးတွေလဲမသိ။ အတော်တော့ကြီး၏။ ဤကန်တွင် ငါးကြီးတွေရှိသည်ဟူသော ပြောစကားကို ကြားဖူးထားသော်လည်း ဒီလောက်ကြီးလိမ့်မည်မထင်။

ငါးကြီးတွေက ထွားကြိုင်းသော ယောကျ်ားကြီးတစ်ဦး၏ ခန္ဓာကိုယ်အချိုးအစားလောက် ရှိ၏။ သူတို့မြို့က ဤကန်ကို တောင်စောင့်နတ်၏ကန်ဟု အမှတ်ထားကာ အလေးအမြတ်ထားကြ၏။ တချို့က အရေးကိစ္စကိုလိုက်၍ ကန်စပ်တွင်လာကာ၊ ငှက်ပျောပွဲ



www.burmeseclassic.com

www.burmeseclassic.com



အုန်းပွဲများဖြင့် ပသပူဇော်ကြ၏။ ကန်ထဲက ငါးတွေကို နတ်ငါးတွေဟု မြို့မှလူတွေက ဘယ်သူမှ ဖမ်းယူသတ်ဖြတ်စားသောက်ခြင်း မပြုကြ။ ဒါကြောင့်လည်း ငါးကြီးတွေက ဤကဲ့သို့ ကြီးထွားချင်တိုင်း ကြီးထွားနေကြဟန်တူ၏။

ငါးကြီးတွေကိုတွေ့တော့ ကျော်မင်းလွင်က ကလေးတစ်ယောက်လို ပျော်သွားပုံရကာ လှော်တက်နှင့် လှမ်းရိုက်နေသည်။

ချိုချိုသင်းက . . .

"ငါ စိတ်တွေလေးနေတယ်၊ ပြန်ကြရအောင်"

ဟု ပြောသော်လည်း နားမဝင်။

တစ်ကြိမ်တွင် မတ်တတ်ရပ်ကာ ရိုက်နေသော ကျော်မင်းလွင်၏အရှိန်ကြောင့် လှေလူးကာ မှောက်သွားသည်။ တကယ်တော့ သူတို့နှစ်ယောက်လုံး ရေကောင်းကောင်းကူးတတ်ကြသည်။ သို့သော် ထိုအချိန်က ကျော်မင်းလွင်သည် အရက်သောက်ထားသဖြင့် အနည်းငယ် မူးယစ်နေလေရာ . . .

ကောင်းစွာမကူးနိုင်ပဲ ရေထဲနစ်မြုပ်သွား၏။ သို့မဟုတ် ကြွက်တက်နေခြင်းလည်း ဖြစ်နိုင်၏။ ချိုချိုသင်းက ကယ်တင်ဖို့ကြိုးစားသော်လည်း မရ။ ကန်အောက်ခြေမှာက မှောင်လည်းမှောင်နေ ကလည်း နှောက်နေလေသည်။ ငါးတွေကြောင့်လား။

သူ ရေပေါ်ပြန်တက်လာခဲ့ရသည်။ သူတို့အဖြစ်ကို ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က မြင်တွေ့သွားသော သူငယ်ချင်းတွေက လှေဖြင့် ကူညီရန် ရောက်လာ၏။ လှေငှားသော အဘိုးကြီးလည်း ပါ၏။ ချိုချိုသင်းကို လှေပေါ်အတင်းဆွဲတင်ရသည်။ ချိုချိုသင်းကတော့ ကျော်မင်းလွင်ကိုမတွေ့မချင်း ရေထဲမှမတက်ချင်။

မြို့ထဲက မီးသတ်အဖွဲ့ကို အကူအညီတောင်းရ၏။ ရောက်လာကာ ရှာဖွေပေးသည်။ ရေငုတ်ကာ ရှာဖွေမှသာ ကျော်မင်းလွင်ကို တွေ့ကြရသည်။ သို့သော် အသက်မရှိတော့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

“ဟော့ . . . အလှကလေး၊ ဒီမှာဘာလာလုပ်နေတာလဲ၊ ပန်းပွင့်ကလေးကို တိတ်တိတ်ကလေး လာရေတွက်နေတာလား”

သူ့ဘေးကို ငနဲတစ်ကောင်က ရောက်လာကာ ပြောလိုက်ခြင်း ဖြစ်သည်။ ကြည့်ရတာက သူ့ပုံစံက အချိုးမကျ။ သူလည်း ခေတ်အမျိုးသမီး။ ဒီတော့ ခေတ်အမျိုးသားတွေ ဝတ်ပုံစားပုံကို ယေဘုယျအားဖြင့် အပြစ်မြင်တတ်သူမဟုတ်။ ဒီငနဲကတော့နည်းနည်းပိုပါသည်။

စွတ်ကျယ်ချိုင်းပြတ်အနက်နှင့် လူတစ်ကိုယ်လုံး ဆေးမင်ကြောင်တွေ ထိုးထားရုံမက၊ ဆံပင်က အမေရိကန်လူရိုင်းမိုဟီကန် တွေထားတဲ့ ဆံပင်ပုံစံ။ အလယ်ခေါင်တွင်သာ ဆံပင်ရှိ၍ထိုဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထိုးထိုးထောင်ထောင်။

"ကိုယ့်နာမည်က ကက်နက်တင်တဲ့၊ ကိုယ့်အဖေက ဒီမြို့မှာ မသိတဲ့သူမရှိဘူး၊ ဦးဘတင်တဲ့၊ သူဌေး၊ လွှတ်တော်အမတ်လေ"

သူ့ပါးစပ်က အရက်နံ့ရနေသည်။ ထို့ကြောင့် ချိုချိုသင်းက ရှောင်ထွက်သွားရန် ပြင်လိုက်သော်လည်း ကက်နက်တင် ဆိုသူက ရှေ့မှပိတ်ရပ်လိုက်ကာ . . .

"မင်းက ဘာတွေမာနကြီးနေတာလဲ၊ ဒီမြို့မှာ ဘယ်မိန်းကလေးမှ ကက်နက်ကို ကျော်လို့မရဘူးကွ"

ချိုချိုသင်းအခက်ကြုံနေစဉ် ဘေးကိုထက်ထွန်းရောက်လာကာ ကက်နက်ပုခုံးတစ်ဖက်ကို ခပ်တင်းတင်းဆုတ်ရင်း လေသံမာမာဖြင့် . . .

"ကက်နက် မင်းသိပ်မူးနေပြီထင်တယ်၊ ကောင်မလေးကို အနှောက်အယှက် မပေးပါနဲ့"

ဟုပြောလိုက်၏။ ထက်ထွန်း၏အကြည့်က မာကျောလှသည်။ ဒါကြောင့် ကက်နက်က ပုခုံးတွန့်ပြကာ ထိုနေရာမှထွက်သွား၏။

"ပါတီကို ပျော်ရမလားလို့လာတာ၊ စိတ်ညစ်စရာကောင်းနေပြီ၊ ကျွန်မပြန်တော့မယ်"

"ညိုညိုဝင်းကတော့ ပြန်ချင်ဦးမယ် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုထက်ထွန်းက ပြောလိုက်၏။ မြက်ခင်းပြင်၌ သီချင်းဖွင့်ကာ ကနေသောအုပ်စုထဲတွင် ညိုညိုဝင်းကို တွေ့ရ၏။

"သူ့ကိုသာ ကျွန်မပြန်သွားနှင့်ပြီလို့ ပြောလိုက်ပါ"

"နေဦးလေ၊ ကိုယ်ကားနဲ့ လိုက်ပို့ပါ့မယ်"

ပထမတော့ ချိုချိုသင်းက ငြင်းမည်ကြံသေး၏။ သို့သော် အပြင်က မှောင်စပြုနေပြီ။ သူတို့အိမ်နှင့် ဤနေရာကတော်တော်လှမ်းသည်။ သူက ဤမြို့နှင့်ပတ်သက်၍ ကျွမ်းကျင်မှုလည်းမရှိ။ ပြီးတော့ ဒီလူကိုကြည့်ရတာ၊ သိက္ခာရှိကာ တည်ကြည်ပုံရသဖြင့် သဘောတူလက်ခံလိုက်သည်။ သူက သူ့ဂျစ်ကားကလေးဖြင့် မောင်းကာ လိုက်ပို့သည်။

"ကျွန်တော့်ကို ယုံယုံကြည်ကြည် စိတ်ချလက်ချပေါင်းသင်းနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ချိုက ဒီမြို့မှာ တခြားအပေါင်းအသင်းလည်း မရှိတော့ . . ."

"ကိုယ်တို့ အပေါင်းအသင်းဖြစ်ပြီပေါ့"

"ရှင် ကျွန်မအကြောင်းကို မသိသေးလို့ပါ"

"ခုန ညိုညိုဝင်းက ပြောပြပြီးပါပြီ၊ အားလုံးက မင်းကို ခွင့်လွှတ်ပြီးပါတယ်၊ ဖြစ်ပျက်ခဲ့သမျှကိစ္စက မင်းအပြစ်မှမဟုတ်ဘဲ"

ချိုချိုသင်းက ဒီလိုမျိုး အသိုင်းအဝိုင်းနှင့်ကြုံနေရာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်ဟု တွေးမိသည်။ သူက ကားမောင်းလာရင်း . . .

"ဘွဲ့ရပြီးပြီလို့ပြောတယ်၊ ဒီမြို့မှာ ဘာလုပ်မယ်လို့စိတ်ကူးထားလဲ"

"လောလောဆယ်တော့ မစဉ်းစားရသေးပါဘူး"

"ဟုတ်ပါတယ်၊ အဖေက ဆရာဝန်၊ အမေက စတိုးဆိုင်ပိုင်ရှင်ဆိုတော့ ဘာမှမလုပ်ဘဲ နေမယ်ဆိုရင်လည်း နေနိုင်တာပါပဲ"

"ဒီလိုတော့ မနေချင်ပါဘူး၊ လူဆိုတာ အလုပ်ကလေးတစ်ခုရှိမှ၊ ညီမလေးက ကျောင်းတစ်ဖက်နဲ့ဆိုတော့ သူ့ကိုအနားယူခိုင်းပြီး အမေ့ဆိုင်မှာ ဝင်ကူမလားလို့၊ ဘာကြောင့်မေးတာလဲ"

"ကျွန်တော်က ကျူရှင်ကျောင်း ဖွင့်ထားပါတယ်၊ တော်တော်လေးအောင်မြင်တယ်လို့ ပြောနိုင်တာ၊ တခြားအလုပ်မလုပ်ချင်လို့စာပြချင်တယ်ဆိုရင် ဖိတ်ခေါ်မလို့ပါ"

"ဒီကိစ္စက ကျွန်မကျွမ်းဝင်တဲ့ ကိစ္စမဟုတ်ပါဘူး"

သူက အိမ်ရှေ့ရောက်အောင်လိုက်ပို့ပြီးမှ ပြန်သွားသည်။ အမေက သူတစ်ယောက်တည်းပြန်လာတာတွေ့တော့ စိတ်ပူသွား၏။

"ညီညီရော . . ."

"သူပျော်နေလို့ထားခဲ့တာ၊ တော်တော်ကြာ သူ့ဖါသာပြန်လာပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆိုသမီးလည်း အိပ်တော့၊ ခုနင်က အဖေတာ မေးနေသေးတယ်၊ ပြန်လာပြီလို့ အမေပြောလိုက်မယ်"

သူ့ အမေ့ကိုနှုတ်ဆက်ကာ အခန်းရှိရာ အပေါ်ထပ်ကို တက်လာခဲ့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

✱ ချိုချိုသင်းက ကြောက်လန့်တကြား ရှန်းကန်သည်။ သို့သော် ကျော်မင်းလွင်က မလွှတ်။ ဆုပ်ကိုင်ထားသော လက်တွေက တစ်စထက်တစ်စ တင်းကြပ်လာသည်။ သူနှင့်အတူတူ သေပွဲဝင်ဖို့ တောင်းဆိုနေတာလား။

## (၄) မကျွတ်မလွတ်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

# (၄) မကျွတ်မလွတ်ချစ်သူ

ဒီအိပ်မက်က ချိုချိုသင်း မကြာခဏမက်တတ်သော အိပ်မက်ဖြစ်သည်။ သူ့ရည်းစားကျော်မင်းလွင် ကွယ်လွန်ပြီးသွားကတည်းက ဤလေးငါးနှစ်အတွင်း အကြိမ်များစွာမက်ခဲ့၏။

လေ့မှောက်စဉ်က ချိုချိုသင်း ထူးထူးခြားခြား တုန်လှုပ်မှုမဖြစ်။ သူရော ကျော်မင်းလွင်ပါ ရေကောင်းစွာ ကူးတတ်သူများဖြစ်နေသောကြောင့်ပင်။ သူတို့ရောက်နေတာက ရေကန်ကြီး၏အလယ်ဆိုသော်လည်း ကမ်းရောက်အောင်ကူးဖို့ အများဆုံး(၁၀)မိနစ်ခန့်သာ အချိန်ကြာမြင့်မည်။ သူတို့အတွက် သိပ်အခက်အခဲမရှိ။

သို့သော် . . . ရုတ်တရက် ရေထဲကိုကျသွားသော ကျော်မင်းလွင်က ရေပေါ်ပြန်ပေါ်မလာ။ ဒီတော့ စိုးရိမ်သွားနေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းလွင် အရက်အနည်းငယ်မူးနေတာတော့ သူသိသည်။ ဒါကြောင့်များ မကူးခတ်နိုင်တာလား။ သူက ရေအောက်ကိုငုတ်ကာ ကြည့်လိုက်၏။ ရေပြင်အပေါ်ပိုင်းက ကြည်နေသော်လည်း ရေအောက်က မှောင်၍နေသည်။ ထိုနေ့က ကောင်းကင်က နေရောင်မရှိဘဲ မှိုင်းပျနေသည်။ ပြီးတော့ ကန်ပေါ်ကို တောင်ရိပ်ထိုးကျနေသေး၏။ နောက်တစ်ချက်က ငါးကြီးတွေ၏ကူးခတ်မှုကြောင့် ကန်အောက်ခြေ မျက်နှာပြင်က နွံတွေထကာ ရေကနောက်ကျိနေလေသည်။

မှောင်ထဲမှာ အားပြုကာကြည့်လိုက်တော့ ရေအောက်ကို တဖြည်းဖြည်းကျဆင်းသွားနေသော ကျော်မင်းလွင်ကို တွေ့လိုက်ရသည်။ ကျော်မင်းလွင်က အရှိန်ဖြင့်ကျဆင်းနေလေရာ သူ့ခြေထောက်ကို ငါးကြီးတစ်ကောင်က ကိုက်ချီဆွဲသွားသည်ဟုပင် ထင်ရ၏။ ကန်ရေက ထင်ထားတာထက်ပို၍ နက်နေသည်။ ရေအောက်ကို ဤမျှ ဆင်းခဲ့သည့်တိုင်အောင် ကြမ်းပြင်နှင့် မတွေ့ထိရသေး။

ဒီတော့ မဆုံးနိုင်အောင် နစ်မြုပ်ကျဆင်းနေသလို ခံစားရ၏။ ဤအတိုင်းဆို နဂါးပြည်ပင် ရောက်သွားလေတော့မလား။ ချိုချို သင်းက အလျင်အမြန်ကူးသွားကာ ကျော်မင်းလွင်၏လက်များကို ဆွဲယူဆုတ်ကိုင်လိုက်သည်။ ပြီးတော့ ရေပေါ်ကိုပြန်ဆွဲတင်ရန် ကြိုး စား၏။ သို့သော် ကျော်မင်းလွင်၏ခန္ဓာကိုယ်က လေးလံလွန်းလှသည်။ သူ ရေပေါ်ရောက်အောင် ဆွဲမတင်နိုင်။ သူသာလျှင် ကျော်မင်းလွင်



www.burmeseclassic.com

www.burmeseclassic.com



၏ ကိုယ်အလေးချိန်နှင့်အတူ ရေအောက်သို့ ကျဆင်းပါသွားသည်။

သူ့ဘေးတွင်ရုတ်တရက် ငါးကြီးတွေပေါ်လာကာ လှည့်ပတ်ကူးခတ်နေသည်။ ငါးကြီးတွေက လူ့ခန္ဓာကိုယ်လောက်ရှိသည်။ သူတို့ပါးစပ်တွေကို ဖြဲဟလိုက်သောအခါ ကြောက်စရာကောင်းလောက်အောင် ထက်ရှချွန်မြသော သွားတွေကိုတွေ့ရ၏။ ရေက အေးသထက်အေး၊ မှောင်သထက်မှောင်လာသည်။ ချိုချိုသင်းလက်လျှော့လိုက်သည်။ သူလည်း ရေအောက်တွင် ဒီထက်ပို၍မနေနိုင်တော့၊ အသက်အောင့်ထားရတာ ကြာပြီဖြစ်သဖြင့် သူ့အဆုတ်များပင် ပေါက်ကွဲထွက်တော့မတတ် ထင်နေရသည်။

ဒါကြောင့် ရေပေါ်ပြန်တက်ရန် ကျော်မင်းလွင်လက်ကို ဆွဲထားသော သူ့လက်တွေကို လွှတ်လိုက်၏။ သို့သော် ရုတ်တရက် မထင်မှတ်ဘဲ ကျော်မင်းလွင်၏လက်တွေက သူ့လက်ကောက်ဝတ်ကို ဖမ်းယူဆုတ်ကိုင်တာ ခံလိုက်ရသည်။ ချိုချိုသင်း လန့်ဖြန့်သွား၏။ သူက ကျော်မင်းလွင်သည် သေဆုံးနေခဲ့ပြီဟုထင်သည်။ ကျော်မင်းလွင်မျက်နှာကို ကြည့်လိုက်၏။ ကျော်မင်းလွင်၏မျက်နှာက အသားဟူ၍ လုံးဝမရှိတော့။ အရိုးခွံဦးခေါင်းကြီး ဖြစ်နေလေသည်။

ချိုချိုသင်း ကြောက်လန့်တကြား ရုန်းကန်၏။ သို့သော် ကျော်မင်းလွင်က မလွှတ်။ ဆုတ်ကိုင်ထားသော လက်တွေက [illegible] စထက်တစ်စ တင်းကြပ်လာသည်။ သူ့ကို စွန့်ခွာမသွားစေလိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောလား။ သူနှင့်အတူတူသေပွဲဝင်ဖို့ တောင်းဆိုနေတာလား။ ကြာတော့ ချိချိသင်းအောင့်မထားနိုင်တော့။ သူ၏နှာခေါင်းနှင့်ပါးစပ်ထဲကို ရေတွင်ဝင်ကာ အသက်ရှူမရဖြစ်လာသည်။ နောက်ဆုံးအနေဖြင့် သူအားကုန်ရုန်းလိုက်၏။

အိပ်ယာထဲတွင် အိပ်လျက်သားမှ လန့်နိုးလာ၏။ ဒီအိပ်မက်ကို သူမကြာခဏ မက်တတ်သည်။ အိပ်မက်မက်နေစဉ် တကယ်ဖြစ်နေသလို ကြောက်လန့်တကြား ခံစားရသော်လည်း၊ နိုးသဖြင့် အိပ်မက်မှန်းသိရသောအခါ အတော်ပင်စိတ် သက်သာရာရသွား၏။

သူ့လက်ကောက်ဝတ် နှစ်ဖက်ကတော့ နာကျင်ကျန်ခဲ့၏။ သူ ရေပေါ် ပြန်မထွက်နိုင်အောင် ကျော်မင်းလွင်က ရေအောက်တွင် အတင်းအဓမ္မဆုတ်ကိုင်ထားခဲ့သည် မဟုတ်လား။ နာကျင်နေတဲ့ သူ့လက်ကောက်ဝတ်တွေကို ကြည့်လိုက်တော့ နီရဲနေကာ လက်ငါးချောင်းအရာတွေကို တွေ့ရသည်။ အိပ်မက်မက်တိုင်း ဤကဲ့သို့ပင် အရာထင်နေတတ်ကာ နောက်နေ့ရောက်မှ ပျောက်ကွယ်သွားတတ်၏။

နာရီကြည့်လိုက်တော့ ညလယ်(၂)နာရီသာ ရှိသေး၏။ ဘုရားခန်းထဲသွားကာ ဘုရားဝတ်ပြုရင်း အမျှအတန်းဝေလိုက်၏။ အထူးသဖြင့် ကွယ်လွန်သူကျော်မင်းလွင်ကိုရည်စူး၍ အမျှဝေ၏။ သူ ဤကန်ကြီးတွင် မကျွတ်မလွတ်ရှိဆဲလား။ သူပြုခဲ့တဲ့ ဒါနကုသိုလ် သီလကုသိုလ်တွေကို အမျှဝေသည်။ ထပ်တူထပ်မျှရနိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အိမ်မှ မြို့လယ်ရှိဈေးကြီးသို့သွားလျှင် ဤဘူတာခုံ ဟောင်းနှင့် သံလမ်းဆုံကို ဖြတ်ကျော်သွားရသည်။ ချိုချိုသင်းသည် အမေနှင့် သူညီမညိုညိုဝင်းတို့ကို ဈေးကြီးအနီးရှိ သူတို့ဖွင့်ထားသော စတိုးဆိုင်ကြီးသို့ပို့ပြီး ကားဖြင့်ပြန်လာစဉ် . . .

သံလမ်းဆုံသို့ ရောက်သောအခါ သူ ဤမြို့ကလေးသို့ ရောက်လာကာစက ကြုံခဲ့ရသောအဖြစ်ကို ပြန်တွေးမိကာ ကားမောင်း လာရင်း သံလမ်းဘက် အမှတ်မထင်ငေးကြည့်လိုက်မိ၏၊ ထိုအခါ ဂါဝန်ဖြူဖြူနှင့် ဆယ်နှစ်အရွယ်ကောင်မလေးကို ရထားသံလမ်းပေါ် တွင် ဆော့နေတာ မြင်ရပြန်သည်။

သူရောက်လာကာစကလည်း ဒီကောင်မလေးကို မြင်မိ၏၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို မြင်သောအခါ သူက ကားကို ရပ်လိုက်မိသည်။ ကောင်မလေးကလည်း သူကားရပ်တာကို သတိပြုမိဟန်တူ၏။ ကစားနေရာမှရပ်ကာ သူ့ဆီလှမ်းကြည့်၏။ ကောင်မလေးမျက်နှာက ညှိုးညှိုးငယ်ငယ်နိုင်လွန်းတာ ပထမသတိထားလိုက်မိသည်။ ကောင်မလေးက သူ့ကိုလှမ်းကြည့်နေသော မျက်လုံးထဲတွင် တစ်ခုခုကို တောင်းပန်နေသလို ခံစားရ၏။ ဒီကလေး ဘာလိုချင်နေသလဲ . . .။

ကောင်မလေးနှင့် စကားပြောရန် သူကားတံခါးကို ဖွင့်၍ ဆင်းလိုက်သည်နှင့် ကောင်မလေးက ထွက်ပြေးသွားသည်။

"ဟော့ . . . ကလေး နေပါဦး"

ဟုလှမ်းခေါ်သော်လည်း တစ်ချက်ကလေးမှ လှည့်မကြည့်။ သူ့ကို လူစိမ်းတစ်ယောက်မို့ ကြောက်ရွံ့နေလေသလား။ ချိုချိုသင်းက ကောင်မလေးနောက် ပြေးလိုက်သွား၏။ သို့သော် ကလေးတစ်ယောက်၏ခြေလှမ်းနောက် သူမှီအောင်မလိုက်နိုင်။ ကောင်မလေးက မလှမ်းမကမ်းတွင်ရှိသော အသုံးမပြုတော့သည့် ဘူတာရုံအဟောင်းလေးဆီ ဦးတည်ပြေးသွား၏။ ချိုချိုသင်းက နောက်မှထပ်ချပ်မကွာ ပြေးလိုက်သွားသဖြင့် ကောင်မလေးဘူတာရုံအပျက်ကလေးထဲ ဝင်သွားတာ တွေ့လိုက်ရသည်။

ဘူတာရုံကလေးက အတော်များများ ပျက်စီးနေကာ တံခါးလည်း မရှိတော့။ ချိုချိုသင်းက ရုတ်တရက်အပြင်တွင် ခဏရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘူတာရုံကလေးထဲမှာ အပြင်ကထက်စာလျှင်မှောင်မိုက်နေ၏။ လူမနေတာ ကြာပြီဆိုတော့ အထဲတွင် အပင်ငယ်တချို့ပင် ပေါက်နေတာတွေ့ရ၏။ ကလေးတစ်ယောက်ပင် ဝင်သွားတာ တွေ့ရသဖြင့်၊ သူလည်းအရဲစွန့်ကာ အထဲဝင်လိုက်သည်။

ဘူတာရုံကလေးက သိပ်မကျယ်။ ပရိဘောဂဟူ၍ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးသာရှိ၏။ ကုလားထိုင်က ကျိုးပဲ့ကာ ကြမ်းပေါ် လဲကျနေသည်။ တစ်ခုထူးဆန်းတာက သူမျက်စိရှေ့မှာပင် ဤဘူတာရုံထဲဝင်သွားသော ဂါဝန်ဖြူနှင့်ကောင်မလေးကို အထဲတွင် ရှာမတွေ့ခြင်း ဖြစ်သည်။ ဘူတာရုံကလေးက သိပ်ကျယ်ဝန်းလှတာမဟုတ်။ ကောင်မလေးက ဘယ်ရောက်သွားရတာလဲ။ တစ်ခုတည်းသော ပြတင်းပေါက်ကလည်း သံတိုင်တွေကာထား၏။ ကြောင်တစ်ကောင်ပင် ထွက်မသွားနိုင်။

သူမတွေ့အောင် ပုန်းနေလေသလား။ ဒီလိုဆိုရင်လည်း ကောင်မလေး ပုန်းအောင်းနေနိုင်စရာဆိုလို့ ဤအခန်းထဲတွင် နံရံမှာကပ်ထားသည့် ဘီရိုအဟောင်းကြီးတစ်လုံးသာ ရှိ၏။ ချိုချိုသင်းက ထိုဘီရိုကြီးအနား ကပ်သွားကာ တံခါးကိုဆွဲဖွင့်လိုက်သည်၊ အထဲတွင် ကောင်မလေးရှိမနေ။ တခြားဘာပစ္စည်းမှလည်း မရှိ။ ပြန်လှည့်ထွက်တော့မည်ပြုစဉ် ဘီရိုထဲရှိ အဆင့်တစ်ဆင့်အခင်းပေါ်၌ ရှိနေသော ဓါတ်ပုံကလေးတစ်ပုံကို တွေ့လိုက်ရ၏။ စူးစမ်းလိုစိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုဓါတ်ပုံကလေးကို ကောက်ယူကြည့်လိုက်မိသည်။

ဓါတ်ပုံထဲမှာ . . .

သားအဖသုံးယောက်ဟု ထင်ရသော အသက်လေးဆယ် အရွယ်လူကြီးနှင့် ဆယ်နှစ်နှင့် ဆယ့်နှစ်နှစ်ခန့်ဟုထင်ရသော မိန်းကလေးနှစ်ယောက်ကို တွေ့ရ၏။ သမီးနှစ်ယောက်က အဖေဖြစ်သူ၏ လက်ဝဲနှင့်လက်ယာတွင် ရပ်နေကြသည်။ လက်ဝဲဘက်က ရပ်နေသော ကောင်မလေးမှာ အငယ်ဖြစ်ပုံရ၍ ဂါဝန်ဖြူဖြူကလေးကို ဝတ်ဆင်ထား၏။ ချိုချိုသင်း အံ့အားသင့်သွားသည်။

ထိုကောင်မလေးမှာ ခုနသူမြင်လိုက်ရသော ကောင်မလေးဖြစ်တာက သေချာလှသည်။ ဓါတ်ပုံကို သူသေသေချာချာစစ်ဆေးကြည့်၏။ ဓါတ်ပုံက တော်တော်ပင် ဟောင်းနွမ်း၍နေလေသည်။ တချို့နေရာများတွင် ဆေးများပင် ကွာနေ၏။ အနှစ်သုံးလေးဆယ်က ဓါတ်ပုံဖြစ်ဖို့များ၏။ ဒါဆိုဒီဓါတ်ပုံထဲက မိန်းကလေးကရော ဘာကြောင့် အရွယ်မပြောင်းလဲဘဲ ဒီအတိုင်းရှိနေရတာလဲ။ သူ့သရဲခြောက်ခံနေရတာလား။

ဒီလိုတွေးမိတော့ ချိုချိုသင်း ကြက်သီးဖြန်းဖြန်းထသွား၏။ သူတစ်ခါမှ သရဲခြောက်တာ မခံရဖူးခဲ့။ ထိုအချိန် သူ့အနောက်မှ ခြေသံတဖြတ်ဖြတ် ကြားလိုက်ရသောအခါ . . .

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

* တိုစဉ် သူ့မော်တော်ကား ထင်ထင်ရှားရှား သိမ့်ကနဲလှုပ်သွားတာ သတိထားမိ၏။ ပြီးတော့ ကားက တဖြည်းဖြည်း ဘီးလှိမ့်ထွက်ကာ ရွေ့သွားလေသည်။

## (၅) အတိတ်ခြေရာကောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## (၅) အတိတ်ခြေရာကောက်ခြင်း

"အမေ့ . . ."

ဟု အလန့်တကြားအော်ကာ ချိုချိုသင်း နောက်ကိုလှည့်ကြည့်လိုက်၏။ သူ့နောက်တွင်ရပ်နေသူက သူဘယ်လိုမှ ထင်မှတ်မထားသော လူရုပ်ကက်နက် ဖြစ်နေလေသည်။ ကက်နက်က စပ်ဖြီးဖြီးပြုံးကာ . . .

"လန့်သွားသလား ချို . . . ဆောရီးပဲ"

"ရှင် . . . ရှင်က ဘာကိစ္စရှိလို့လဲ"

"ဒီနားက ဖြတ်သွားရင်း မင်းကားရပ်ထားတာတွေ့လို့ ဆင်းကြည့်တာ၊ ကားထဲမှာလည်း ဘယ်သူမှမတွေ့ရဘူး၊ အဲဒါကြောင့် လိုက်ရှာချင်း ဒီကိုရောက်လာတာ၊ မင်းလက်ထဲက ဘာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူကိုင်ထားသော ခါတ်ပုံကလေးကို လက်နောက်ပြန်ပစ်၍ ဝှက်လိုက်ကာ . . .

"ဘာမှမဟုတ်ဘူး"

ဟုပြောရင်း ထွက်သွားရန် ပြင်လိုက်သည်။ ဒီလို လူရုပ် တစ်ယောက်နှင့် ဒီလိုလူသူကင်းမဲ့သော နေရာမျိုးတွင် အတူတူရှိ မနေသင့်ကြောင်း ချိုချိုသင်းက နားလည်သည်။ သို့သော် တံခါး ပေါက်ဝတွင် သူ့ခန္ဓာကိုယ်ဖြင့် ပိတ်ရပ်လိုက်ရင်း ကက်နက်က . . .

"ဘာလို့အလျင်လိုနေတာလဲ . . . ချို မင်းနဲ့စကားပြောဖို့ ဒီလိုအခြေအနေမျိုး ကိုယ်စောင့်စားနေတာ"

"ရှင်နဲ့ကျွန်မ ဘာမှစကားပြောစရာ မရှိဘူး"

"မင်းဘက်က ပြောစရာမရှိဘူးဆိုပေမယ့် ငါ့ဘက်ကတော့ ရှိနေတယ်၊ မင်းကို ငါချစ်တယ်ချို"

"မိန်းကလေးတွေတွေ့တိုင်းပြောဖို့ ဒီစကားကို ရှင်အလွတ် ကျက်ထားတာလား"

"မင်းကို ငါသဘောကျနေတာ ဒီလိုအပြောမျိုးလေးတွေ ကြောင့်ပဲ"

ပြောပြောဆိုဆို ကက်နက်က ရှေ့တိုးလာကာ ချိုချိုသင်းကို ပွေ့ဖက်လိုက်သည်။ ချိုချိုသင်းက ရုန်းကန်ရင်း . . .

"ဖယ်နော် . . . ကျွန်မအော်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အော်လည်း အလကားပဲ၊ ဒီနားမှာ ဘယ်သူမှမရှိဘူး"

"ဘယ်သူမှမရှိဘူးလို့ ဘာကြောင့်ပြောရတာလဲ ကောင်လေး"

သူတို့နောက်က ထွက်ပေါ်လာသော အသံဖြစ်သည်။ ထို အသံကြောင့် ကက်နက်က လှုချင်းပြန်ခွာလိုက်သည်။ အခန်းဝတွင် ရပ်နေတာက အသက်ခြောက်ဆယ်ကျော်ခန့်ရှိ လူကြီးတစ်ဦး။ သူ့ ဆံပင်တွေသာမက မုတ်ဆိတ်မွေးနှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင် တွေကပါ ဖွာဖွာဖွေး၍နေသည်။ အဝတ်အစားတွေက အတော်ပင် ညစ်နွမ်း၍နေ၏။ ပြီးတော့ နီရဲရဲမျက်လုံးတွေက ဝေရီရီ။ လက်ထဲ တွင်လည်း လက်နှစ်လုံးခန့် အရက်တွေရှိပုံရသော ပုလင်းတစ်လုံး ကိုင်ဆောင်ထား၏။

"အဘိုးကြီး . . . ခင်ဗျား ထမင်းဝအောင်စားထား"

ဟုကြိမ်းမောင်းကာ ကက်နက်က စိတ်ဆိုးမာန်ဆိုးထွက်ခွာ သွား၏။ ချိုချိုသင်းက . . .

"ကျေးဇူးတင်ပါတယ် ဦးကြီး"

"မလိုပါဘူး၊ အေး . . . အရက်ဖိုးတော့လိုတယ်။ မင်းမှာ ပါရင် နည်းနည်းလောက် ခွန့်ကျဲခဲ့ပါလား"

အရက်စွဲနေသော အခြေအနေမှဲ့အဘိုးကြီးတစ်ဦး ဖြစ်ရ သည်။ ချိုချိုသင်းက ပိုက်ဆံအိတ်ထဲက ထောင်ဘန်တစ်ရွက်ထုတ် ပေးလိုက်တော့ ထိုငွေစက္ကူကို အထပ်ထပ်နမ်းသည်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုး မမြင်ရတာတောင် တော်တော်ကြာပြီ"

ဟုပြော၏။ ခတ်လှမ်းလှမ်းက မီးရထားတွဲပျက်တစ်ခုကို လက်ညှိုးထိုးပြကာ . . .

"ငါ့နာမည် ထွန်းသန်းတဲ့၊ ဟောဟိုတွဲပျက်ထဲမှာ နေတယ်၊ အဲဒါက ငါ့ရဲ့သီရိဂေဟာပဲ၊ ဘာကိစ္စပဲဖြစ်ဖြစ် ငါ့အကူအညီလိုရင် လာခဲ့"

ဟုဖိတ်ခေါ်၏။ သူကားလေးဆီ ပြန်လျှောက်သွားကာ ချိုချိုသင်း ကားမောင်းထွက်လာခဲ့သည်။ နောင်ကို အသွားအလာ ဆင်ခြင်မှဟု တွေးမိ၏။ သူ့အနေဖြင့် ကက်နက်ရန်မှ လွတ်အောင်ရှောင်နိုင်ရန် အရေးကြီးသည်။

ကားကို ထက်ထွန်းရှိရာ ကျူရှင်ကျောင်းသို့ မောင်းလာခဲ့၏။ ကျောင်းမှာ အခန်း(၆)ခန်းပါသော နှစ်ထပ်တိုက်တစ်လုံးဖြစ်၏။ သူ့ရုံးခန်းထဲတွင် ထက်ထွန်းကို အခန့်သင့်တွေ့ရလေသည်။ထက်ထွန်းက ထင်မှတ်မထားဘဲ ရောက်လာသော သူ့ကိုမြင်တော့ အံ့အားသင့်သွားပုံရ၏။

ပြာပြာသလဲကြိုဆိုရင်း . . .

"ဘာလဲ . . . ကိုယ့်ကျောင်းမှာ အလုပ်ဝင်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

ဟုမေးလေသည်။ ချိုချိုသင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စအတွက်လာတာ မဟုတ်ပါဘူး၊ ရှင့်ကို မေးစရာလေး ရှိလို့"

ဟုဆိုကာ ဘူတာရုံတွင် ကြုံခဲ့ရသမျှကို ပြောပြလိုက်သည်။ ကက်နက် ရုတ်တရက်ရောက်လာကာ သူ့ကိုနှောင့်ယှက်တာတော့ ထည့်မပြော။ ထက်ထွန်းက မခံချင်လျှင် ပြဿနာဖြစ်မှာ စိုးသောကြောင့်ပင်။ ဘူတာရုံဘီရိုဟောင်းထဲက ဓါတ်ပုံကိုလည်း ထုတ်ပြလိုက်ကာ . . .

"ဒီဓါတ်ပုံထဲက လူတွေကိုရော သိသလား"

မေးတော့ ထက်ထွန်းက သေသေချာချာကြည့်ရင်း ခေါင်းခါပြ၏။

"ဒီမြို့မှာ တစ်ခါမှ မမြင်ခဲ့ဖူးဘူး"

ချိုချိုသင်း စိတ်မောသွားသည်။ ဒီမြို့မှာမွေး၍ ဒီမြို့မှာကြီးပြင်းခဲ့သည်ဆိုသော ထက်ထွန်းမှမသိလျှင် သူဘယ်လိုလုပ်သိနိုင်ပါမည်နည်း။

ထက်ထွန်းက . . .

"မင်းက ဘာလို့သိချင်နေရတာလဲ"

"ဒီလူတွေဟာ ရထားနဲ့ကျောင်းကားတိုက်မှုနဲ့ ပတ်သက်နေတယ်ထင်လို့ပါ၊ ချိုတွေ့ခဲ့ရတဲ့ မိန်းကလေးကလည်း အဲဒီနဲ့ ပတ်သက်နေမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်ထွန်းက သက်ပြင်းချကာ . . .

"အဲဒီကိစ္စတွေက ကိုယ်မမွေးခင်က ဖြစ်ခဲ့တာ၊ ဒီတော့ . . ကိုယ်က ဘယ်လိုလုပ်သိနိုင်မှာလဲ၊ တစ်ခုတော့ရှိတယ်"

"ဘာလဲဟင် . . ."

ချိုချိုသင်းက စိတ်အားထက်သန်စွာ မေးလိုက်၏။

"ဒီအကြောင်း သတင်းစာတွေထဲမှာပါမှာပဲ၊ မြို့က စာကြည့်တိုက်မှာတော့ရှိမယ်၊ သတင်းစာတွေကို စကင်ဖတ်ပြီး စီဒီနဲ့မှတ်တမ်းတင်ထားတယ်၊ ကွန်ပြူတာနဲ့ဖတ်ရုံပဲ"

ချိုချိုသင်း ဝမ်းသာသွား၏။ သူ့ကားဖြင့် ထက်ထွန်းကို တင်ခေါ်လာခဲ့သည်။ စာကြည့်တိုက်မှူးမိန်းမကြီးက သဘောကောင်းသည်။ ထက်ထွန်း၏အသိဖြစ်နေသဖြင့် လိုလိုချင်ချင်ပင် ကူညီသည်။ သူက . . .

"ဒီအမှုက (၁၉၈၁) က ဖြစ်ခဲ့တာ၊ အဲဒီနှစ်ပိုင်းထဲမှာ ရှာကြည့်ရင်တွေ့မှာပါ"

ဟု ညွှန်းလိုက်၏။ ကွန်ပြူတာကို အသုံးပြုကာ သတင်းစာအဟောင်းများ စုဆောင်းထားသည့်ဖိုင်မှာ ရှာကြည့်ကြသည်။ ၁၉၈၁ မှာဆိုတော့ သိပ်မရှာရ။

သတင်းကတော့ သူတို့သိတာနှင့် သိပ်မထူးခြား။ နှင်းငွေ့ထူထပ်စွာကျရောက်နေသည့် မနက်ခင်းတွင် ကျောင်းကြိုဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရထားတိုက်မိရာ၊ ကားပေါ်ပါကလေး (၈)ယောက်နှင့် ကားမောင်းသူတို့ သေဆုံးသွားကြောင်း၊ နောက်ဆက်တွဲသတင်းအဖြစ် ဘူတာရုံပိုင်ဦးဇော်အောင်၏ သမီးအငယ်သည်လည်း ဤကားပေါ်မှသေဆုံးသူကလေးများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ကြောင်း၊ မီးရထားသံလမ်းတံခါးစောင့်ဖြစ်သူ ဦးထွန်းသန်းဆိုသူကိုမူ ဤကိစ္စအတွက် အပြစ်ဒဏ်ပေးသည့်အနေဖြင့် အလုပ်မှ ဖြုတ်ပစ်လိုက်ကြောင်း၊ ပြီးတော့ ထိုအလုပ်သမားဦးထွန်းသန်း၏ ပုံကိုပြထားရာ ထိုသူမှာ ချိုချိုသင်းနှင့်ဆုံခဲ့ကာ ရထားတွဲပျက်ထဲတွင်နေသည့် အရက်သမားကြီးနှင့် တထေရာတည်း တူနေလေသည်။

ထက်ထွန်းကလည်း . . .

"ဟုတ်တယ် . . . ကိုယ်လည်းကြားဖူးတယ်၊ အဲဒီဘူတာရုံတဝိုက်မှာနေတဲ့ အရက်သမားကြီးက အရင်ကဖြစ်ခဲ့တဲ့အမှုမှာ သံလမ်းတံခါးစောင့်ကြီးဆိုတာ လူကြီးတွေက ပြောကြတယ်"

"အင်း . . . ကြေကွဲစရာကောင်းတဲ့ ကိစ္စအတွက် သူ့ကိုယ်သူ ဒဏ်ခတ်နေတာ ဖြစ်ပုံရတယ်"

ဟု ချိုချိုသင်းက မှတ်ချက်ချ၏။ သူတို့ နောက်ဆက်တွဲသတင်းကို ဖတ်ကြည့်သောအခါ . . .

အခင်းဖြစ်ပွားပြီးနောက် တစ်ပတ်ခန့်အကြာ ထုတ်သော သတင်းစာတစ်စောင်၌ ဘူတာရုံပိုင်ဦးဇော်အောင်သည် သူ့



www.burmeseclassic.com

www.burmeseclassic.com



သမီးအငယ် သေဆုံးခဲ့ရသည့်အတွက်လည်းကောင်း၊ သူ့ကို တစ်မြို့လုံးက ဝိုင်းဝန်းအပြစ်တင်နေသည့် အတွက်ကြောင့်လည်းကောင်း ထိုစိတ်ဒုက္ခဒဏ်များကို မခံမရပ်နိုင်ဖြစ်ကာ၊ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေသွားသည့် သတင်းပင်ဖြစ်လေသည်။

ချိုချိုသင်းက . . .

"တော်တော်ကြေကွဲစရာကောင်းတဲ့ အဖြစ်ပဲ၊ ကျန်ခဲ့တဲ့ သူ့မိသားစုကရော . . ."

ဟုမေးတော့ ထက်ထွန်းက . . .

"ကိုယ်သိရသလောက်တော့ ကျန်ခဲ့တဲ့သားအမိနှစ်ယောက်က ဒီမြို့က ထွက်သွားကြတယ်လို့ ပြောကြတယ်၊ ဒီမြို့က လူတွေက အပြစ်တင်တဲ့မျက်လုံးနဲ့ ကြည့်တဲ့ဒဏ်မခံနိုင်လို့ နေမှာပေါ့၊ နောက်ပိုင်းတော့ သူတို့သတင်းကို လုံးဝမကြားရတော့ပါဘူး၊ အတိတ်က အရိပ်မည်းကြီးနဲ့ ဝေးတဲ့နေရာမှာ တစ်ခါတည်း ဇာတ်မြှုတ်နေသွားတယ်လို့ ထင်တာပဲ"

ဟုဖြစ်လေသည်။ ထက်ထွန်းကို ကျေးဇူးတင်စကားပြောခဲ့ကာ သူ့ကို ကျောင်းပြန်ပို့ခဲ့သည်။ အပြန်ခရီးတွင်မူ သူတစ်ယောက်တည်းကားမောင်းရင်း စိတ်တွေလွင့်မျောနေခဲ့၏။ အချိန်က မှောင်စပျိုးပြီ။ ကားလမ်းနှင့် ရထားလမ်းဆုံရာ နေရာရောက်သောအခါ၊ သူ့ကားကို ခဏရပ်လိုက်သည်။ တစ်နေ့က တွေ့ခဲ့ရသောကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးကို တွေ့လိုတွေ့ငြား အနီးတဝိုက်ကို မျက်လုံးကစားရင်း ရှာဖွေ ကြည့်၏။ သို့သော် အရိပ်အယောင်မျှမမြင်ရ။ ထိုစဉ် သူ့မော်တော် ကား ထင်ထင်ရှားရှား သိမ့်ကနဲလှုပ်သွားတာကို သတိထားမိ၏။ ပြီးတော့ ကားက တဖြည်းဖြည်းဘီးလှိမ့်ကာ ရွေ့သွားသည်။ ချိုချိုသင်း အံ့အားသင့်သွားသည်။ တကယ်တော့ သူ့ကားကို ရပ်နားခိုင်မာ စက် သတ်ထားသည်။ ပြီးတော့ သူ့ခြေထောက်တွေက လီဗာကိုနင်း ထားခြင်း မရှိ။ သို့စဉ်လျက် ကားက ဘာကြောင့်ရွေ့လျားနေရ သနည်း။ မြန်မြန်ဆန်ဆန်မှု မဟုတ်။ သို့သော် တရွေ့ရွေ့ ဘီးလှိမ့် နေတာကတော့ သေချာသည်။ ဒီမြို့က လူတွေပြောနေတာတွေက ယုံတမ်းစကားမဟုတ်ကြောင်း အခုတော့ ကိုယ်တွေ့ကြုံရပြီ။

သူ ကားဘေးပတ်လည်၊ နောက်ရှေ့ ကားပေါ်က လှမ်းမျှော် ကြည့်၏။ လူသူတစ်စုံတစ်ယောက်မှ မရှိ။ သူ့နဖူးတွင် ချွေးကလေး တွေ စို့လာသည်။ ကားလက်ကိုင် ဘီးခွေကိုင်ထားသော သူ့လက်တွေ က တုန်ယင်လာသည်။ ချိုချိုသင်းသည် ကားကိုစက်နှိုးကာ ထိုနေရာ မှ ကြောက်လန့်တကြား တဟုန်ထိုး မောင်းထွက်လာခဲ့လေတော့ သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* တစ်ခုထူးခြားတာက သူ့ဘေးတွင် ကောင်မလေးတစ်ယောက် ပါလာသည်ဟု သူမခံစားရခြင်းပင် ဖြစ်သည်။ သူတစ်ယောက်တည်း မောင်းလာနေသလိုသာ ခံစားရ၏။

## (၆) တစ္ဆေတကောယ်ခြောက်မခြောက်

www.burmeseclassic.com

www.burmeseclassic.com

## (၆) တစ္ဆေတကယ်ခြောက်မခြောက်

"မင်း . . . ဘာဖြစ်နေတာလဲ ချိုချို"

ထမင်းစားပွဲတွင် ဂဏှာမငြိမ်ဖြစ်နေသော သူ့ကို သူ့အဖေ ကကြည့်ကာ မေးလိုက်ခြင်းဖြစ်သည်။ သူ့အဖေက လူကဲခတ်ရာ၌ တော်သည်။ အထူးသဖြင့် သားသမီးများကို အကဲခတ်ရာ၌တော်၏။

ကားကို ရထားလမ်းဆုံတွင် တွန်းရွှေ့တာခံရပြီး၊ အိမ်ပြန် ရောက်လာကတည်းက ချိုချိုသင်းသည် အနည်းငယ် ဂယောင် ခြောက်ခြားဖြစ်၍ နေသည်။ ထမင်းကို တို့ကနန်းဆိတ်ကနန်းသာ စားနေရသော်လည်း စိတ်ကအဝေးကို လွင့်ပြန့်နေ၏။

"မင်း ပြဿနာတစ်ခုခုနဲ့ ကြုံနေတာတော့ မဟုတ်ပါဘူးနော်" ဟု သူ့အဖေက မယုံသင်္ကာသလိုမေးသည်။ သူ့ကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပထမနေခဲ့သော မြို့ကလေးကလို ပြဿနာဆိုးနှင့် ရင်ဆိုင်တိုးဦးမှာကို စိုးရိမ်နေပုံရ၏။

"မဟုတ်ပါဘူး အဖေ"

ဒီတော့ သူ့အဖေလေသံက ပျော့သွား၏။

"အေးလေ . . . ဘာကိစ္စပဲဖြစ်ဖြစ် အဖေ့ကိုပြော၊ မင်းတစ်ယောက်တည်း မဖြေရှင်းနဲ့"

သူကြုံနေရတာက သဘာဝလွန်ပြဿနာ။ သူတစ်ခါမှမဆုံခဲ့ဖူးသော ပရလောကက။ သူ့အဖေက သဘောပေါက်လက်ခံနိုင်ပါ့မလား။ အိပ်ခန်းထဲရောက်မှ ညိုညိုဝင်းကို သူက ဤကိစ္စပြန်ပြောပြ၏။ ဒီတော့ ညိုညိုဝင်းက ရယ်လေသည်။

"အဲဒါက ချိုရောက်စမှာ နောက်ပြောင်ချင်တာကြောင့် ညိုညိုက ခေါ်သွားတာ၊ ဒါမျိုးဖြစ်တတ်တယ်လို့ ဒီမြို့မှာ ပြောစကားရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်သူမှတော့ ဒီလိုကိစ္စကို မကြုံဖူးခဲ့ကြပါဘူး၊ ညိုညိုလည်း မယုံပါဘူး"

ညိုညိုဝင်းကိုယ်တိုင်ကပင် သူပြောသော ကိစ္စကို အယုံအကြည်မရှိ။

"အဲဒီနေရာကလေးက ကမူကလေးလို ဖြစ်နေတယ်၊ ကားရပ်ထားတုန်း အဲဒီဆင်ခြေလျှောကနေ ကားကလိမ့်သွားတာ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ယုတ္တိယုတ္တာဖြင့် ရှင်းပြ၏။ ကိုယ်တိုင်ကြုံခဲ့ရတဲ့ ချိုချို သင်းကတော့ ဒီလိုမထင်။

“မင်းကိုငါ . . တစ်ခုတောင်းပန်ချင်တယ်ချို။ ဒီကိစ္စတွေကို မေ့မစ်လိုက်ပါ၊ ငါ့လိုပဲ ပျော်ပျော်နေဖို့ ကြိုးစားပါ၊ အဲဒီနေရာမှာ သူတို့ပြောသလို တစ္ဆေသရဲတွေ ရှိနေတယ်ဆိုဦး ဒီကိစ္စဟာ တို့နဲ့ ဘာမှမှ မဆိုင်ပဲ၊ စိတ်ထဲမှာ အစွဲအလမ်းထားမနေနဲ့”

ညိုညိုဝင်းကို ဘာမှပြန်မပြောသော်လည်း၊ ချိုချိုသင်းစိတ်ထဲမှာက ဤကိစ္စကို ပြီးပြီးပျောက်ပျောက် သဘောမထားနိုင်။ သူက ပြဿနာတစ်ခုကို ကိုင်တွယ်မိပြီဆိုလျှင် ရေဆုံးရေဖျားလိုက်တတ်သော သဘာဝရှိ၏။

နောက်နေ့ ထမင်းစားပြီးသောအခါ ဘယ်သူ့ကိုမှ အသိမပေးဘဲ ချိုချိုသင်းသည် သူ့ကားကလေးဖြင့် ရထားလမ်းဆုံတံခါးဆီသို့ မောင်းလာခဲ့ပြန်သည်။ ညကလိုပင် သံလမ်းကိုခွကာ သူ့ကားကို ရပ်ထားလိုက်၏။ သူ့ကား ညကလိုမျိုး အတွန်းခံရကာ ရွေ့လျားသွားလေမည်လား။ သို့သော် အတန်ကြာအောင် စောင့်ဆိုင်းနေသော်လည်း တစ်စုံတစ်ရာ ထူးခြားမှုမတွေ့ရ။

ထိုစဉ်မှာပင် နောက်ကကားတစ်စီးက ဟွန်းသံပေးကာ လမ်းတောင်းနေ၏။ နေ့ခင်းကားအသွားအလာ များသောအခါဖြင့် သဖြင့်၊ ဤနေရာတွင် ကားကိုအကြာကြီးရပ်ထားရန် မဖြစ်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကားကိုဘီးလှိမ့်ကာ ထွက်လာစဉ်မှာပင် ဘူတာရုံဟောင်းကလေး ရှေ့အရောက်၌ လမ်းဘေးတွင် ရပ်ငေးနေသော ဂါဝန်အဖြူနှင့် ကောင်မလေးကို တွေ့လိုက်ရ၏။ ချိုချိုသင်းက ကားကို ကောင်မလေးရှေ့ရပ်လိုက်ကာ . . .

"မင်း မြို့ထဲသွားမလို့လား၊ ငါ့ကားနဲ့ လိုက်ခဲ့လေ"

ကောင်မလေးက ခေါင်းညိတ်ပြသဖြင့် သူ့ဘေးက ကားတံခါးကိုဖွင့်ပေးလိုက်၏။ ကောင်မလေး ကားထဲဝင်ထိုင်တော့ သူကားမောင်းထွက်လာခဲ့သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ကောင်မလေးက ပြန်မပြော။ မကြားတာတော့ မဟုတ်။ ခုနင်က ပြောတာတောင် ကြားသေးတာပဲ။ ကောင်မလေးစကားမပြောတတ်တာပဲ ဖြစ်မည်။ သူက ဒီလိုသာယူဆလိုက်၏။ ကောင်မလေးက တိတ်ဆိတ်ငြိမ်သက်စွာသာ လိုက်ပါလာသည်။

တစ်ခုထူးခြားတာက သူ့ဘေးတွင် ကောင်မလေးတစ်ယောက်ပါလာသည်ဟု သူ မခံစားမိခြင်းပင် ဖြစ်သည်။ သူတစ်ယောက်တည်းကားမောင်းလာနေသလိုသာ ခံစားရ၏။ ကောင်မလေးက တစ်နေရာရောက်တော့ လက်ညှိုးထိုးပြ၏။ သူ့အိမ်ဖြစ်မည်ထင်သည်။

သူလက်ညှိုးထိုးပြရာ ကြည့်လိုက်တော့ တစ်ထပ်အိမ်အိုလေးတစ်လုံးကို တွေ့ရ၏။ ယခင်ကတော့ သားသားနားနား သေ

www.burmeseclassic.com



သေသပ်သပ် ရှိခဲ့ဟန်တူသည်။ အခုတော့ အိမ်ကလေးကို သုတ်ထားသော အဖြူရောင်ဆေးတွေကပင် မီးခိုးရောင်သမ်းနေလေပြီ၊ ခြံစည်းရိုးတွေက ပြိုလဲနေတော့ ဤအိမ်မှာတွင်၊ လူမနေဘူးတောင် ထင်ရ၏။ ပြီးတော့ ခြံထဲက ပန်းခြုံတွေကလည်း ဘယ်သူမှ ရေလောင်းပေါင်းသင်ခြင်း မပြုသလို ပစ္စလက်ခတ်ခြောက်သွေ့ညှိုးလျော်နေ၏၊

အိမ်ရှေ့မှာကားရပ်သည်နှင့် ကောင်မလေးက ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။ ဒီတော့မှ ချိုချိုသင်းက တစ်ခုခုကိုသတိရကာ . . .

"ကလေး . . . ခဏနေဦး"

ဟုပြောကာ သူ့လက်ကိုင်အိတ်ထဲက လက်တစ်ဝါးခန့်ရှိ ချောကလက်ပြားတစ်ခုကို ယူပေးလိုက်၏။ ချိုချိုသင်းက ချောကလက်ကြိုက်တတ်တော့ သူတို့စတိုးဆိုင်ရောက်တိုင်း သူသတိတရ ယူတတ်တာက ချောကလက်များ ဖြစ်နေတတ်သည်။

ကလေးတွေကလည်း ချောကလက်ကြိုက်တတ်ကြသည် မဟုတ်လား။ ကောင်မလေးက ချောကလက်ကို သူ့လက်ထဲက ခတ်ကနဲဆွဲယူကာ ခြံအလယ်မှ အိမ်ကလေးဆီသို့ ပြေးထွက်သွား၏၊ ကားကိုထွက်ခွာမသွားသေးဘဲ ချိုချိုသင်းက ရပ်ကာကြည့်နေသည်၊ ကောင်မလေးက အိမ်ရှေ့တံခါးကမဝင်ဘဲ အိမ်နောက်ပေါက်ဆီသို့ ထွက်ပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ချိုချိုသင်းသည် ကားမောင်းကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်ဟော့၊ ယုတ္တိမှ မရှိတာ"

ညိုညိုဝင်း၏စကားကို ကက်နက်က ငြင်းဆိုလိုက်ခြင်းဖြစ်သည်။ ညိုညိုဝင်း၊ ထက်ထွန်း၊ ကက်နက်နှင့် ခင်စိုးလှိုင်တို့လေးယောက် စားသောက်ဆိုင်တွင်ထိုင်ကာ ငြင်းခုန်နေကြခြင်းပင် ဖြစ်သည်။ မြို့လယ်ရှိ ဤ "ကောင်းကင်ဘုံ" ဟု အမည်ပေးထားသော စားသောက်ဆိုင်ကလေးမှာ ဤစခန်းသာမြို့ကလေးရှိ လူငယ်တို့ ညနေပိုင်းတွင် စုဝေးဆုံဆည်းရာနေရာလေး ဖြစ်သည်။ နိုက်ကလပ်ကလေးတစ်ခုဟုပင် ဆိုနိုင်သည်။

အစားအသောက်ကောင်းကာ ဈေးသက်သာသည်။ သီချင်းကိုယ်တိုင်ဆိုချင်သည်ဆိုသော် တက်ဆိုနိုင်သည့် စင်ပေါ်ဂီတဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ပိုင်းရှိသည်။ သို့မဟုတ် ကာရာအိုကေ ဆိုချင်သည်ဆိုသော် ကာရာအိုကေခန်းကလေးတွေ ရှိ၏။ လူငယ်တွေ ကိုယ့်အုပ်စုနှင့်ကိုယ် စုဝေးကာ လွတ်လွတ်လပ်လပ် စကားပြောနိုင်သည်။

သူတို့အုပ်စုဆုံဖြစ်သော စကားဝိုင်းတွင် သူတို့လေးဦးအပြင် တခြားစုံတွဲတစ်တွဲလည်း ရှိသေး၏။ ညိုညိုဝင်းက သူ့အစ်မချိုချိုသင်း တစ်နေ့က ကြုံခဲ့ရသည့်အဖြစ်ကို ပြန်ပြောပြခဲ့သည်။ ကားကိုရပ်ထားစဉ် လူမမြင်ရဘဲ တွန်းသဖြင့် ကားရွေ့သွားသည်ဆိုသော အကြောင်း . . . ။

ထက်ထွန်းက . . .

"ဒီစကားက ငါတို့ငယ်ငယ်ကတည်းက ကြားနေရတဲ့ စကားပဲ၊ ဒါပေမယ့် ဘယ်သူမှမကြုံဖူးတော့ ဒီစကားကို အမှန်လို့ပြောရခက်ပဲ"

"ဒါကြောင့် ပြောတာပေါ့၊ ဒါဟာ မဖြစ်နိုင်ပါဘူးလို့"

ကက်နက်စကားကို ခင်စိုးလှိုင်က ထောက်ခံသည်။ နဂိုကတည်းက ခင်စိုးလှိုင်က သူ့အစ်ကိုဝမ်းကွဲကျော်မင်းလွင် ရေနစ်သေဆုံးရခြင်းနှင့်ပတ်သက်၍ ချိုချိုသင်းအပေါ် မကျေမနပ် ဖြစ်နေခဲ့သည်။

"ငါလည်း ဒီ . . . ချိုချိုသင်းပြောတဲ့စကားကို မယုံဘူး"

"ဘာလဲ . . . နင်ကငါ့အစ်မကို လိမ်တယ်၊ လည်ဆယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ထင်လို့လား"

ညိုညိုဝင်းက ဒေါသဖြင့် ဝင်ပြောသည်။ ခင်စိုးလှိုင်က . .

"ဒါကတော့ မပြောနိုင်ဘူးလေ"

ထက်ထွန်းက အခြေအနေကို ဝင်ထိန်းလိုက်၏။

"နင်တို့ဘက်ကလည်း ဒီလိုမဖြစ်နိုင်ဘူးလို့ မပြောနဲ့လေ၊ တကယ်ဟုတ်မဟုတ် သေသေချာချာစမ်းသပ်ပြီးမှ ပြောရင်ကောင်းမယ်"

"စမ်းသပ်ရမယ်ဟုတ်လား၊ တို့အရင်က မကြာခဏစမ်းဖူးကြတယ် မဟုတ်လား"

မှန်သည်။ မယုံကြည်သော လူငယ်တွေက ကားမောင်းသွားကာ ဂျာသံလမ်းပေါ် တွင်ရပ်ပြီး စမ်းသပ်ကြည့်ဖူးပေါင်းများပြီ။ သို့သော် မထူးခြား။

"ဒါက နင်တို့ စမ်းသပ်ကြတာက နေ့ခင်းကြောင်တောင်ကြီးလေ၊ လူခြေတိတ်တဲ့ ညအချိန် ဘယ်သူစမ်းသပ်ဖူးလို့လဲ"

ညိုညိုဝင်းပြောစကားကို အများက ထောက်ခံသည်။ ထက်ထွန်းက . . .

"ဟုတ်တယ်၊ . . . မင်းတို့မယုံဘူးဆိုရင် အဲသလိုစမ်းသပ်ရဲလား"

ထက်ထွန်းက မေးလိုက်၏။ ကက်နက်က ချက်ချင်းပင် . .



www.burmeseclassic.com

www.burmeseclassic.com



"စိမ်လိုက်လေ၊ ဒီနေ့ည ငါနဲ့ခင်စိုးလှိုင် ကားနဲ့အဲဒီနေရာကို သွားမယ်၊ နေပါဦး . . . လောင်းကြေးတော့ရှိရမယ်"

"ခုနှစ်ရက် ညစာကျွေးကြေး ဘယ့်နှယ့်လဲ"

ခင်စိုးလှိုင်က ကြေးသတ်မှတ်လိုက်သည်။ ထက်ထွန်းက သဘောတူပြီဟူသော အထိမ်းအမှတ်ဖြင့် ကာကိနက်နှင့် လက်ဝါးချင်း ရိုက်လိုက်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* သူ့သမီးစကားကို ယုံသည်။ သို့သော် ဤကိစ္စကို မယုံ။ ပရလောကနှင့်ပတ်သက်၍ သူ့မှာ အတွေ့အကြုံမရှိ၊ ထို့ကြောင့် ဤကိစ္စကို သူကိုယ်တိုင်စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။

## (၇) သွေးစွန်းသော လရောင်

www.burmeseclassic.com

www.burmeseclassic.com

## (၇) သွေးစွန်းသော လရောင်

လက ထိန်ထိန်သာ၍ နေသည်။ ထို့ကြောင့် ဤပတ်ဝန်းကျင်သည် လူသူကင်းမဲ့ကာ တိတ်ဆိတ်နေသည့်တိုင်အောင် သူတို့နှစ်ဦးက ကြောက်ရွံ့ခြင်းမရှိဘဲရှိ၏။

ချွန်းမြသော လရောင်အောက်တွင် မီးရထားသံလမ်းဆုံ၌ ရပ်ထားသော ကားလေးတစ်စီးကို တွေ့ရသည်။ ဤကားကလေးက မီးရထားသံလမ်းပေါ်တွင် ရပ်ထားခြင်းဖြစ်သဖြင့် အင်မတန် အန္တရာယ်ကြီးမားသည်ဟု ထင်စရာရှိ၏။ သို့သော် ဤရထားလမ်းက အသုံးမပြုသည်မှာ ကြာပြီဖြစ်သဖြင့် ရထားလာမှာကို တွေးတောပူပန်စရာ မလို။ ဒါကြောင့် ရထားလမ်းကူးသံတံခါးကို ပိတ်ထားခြင်းလည်း မရှိ။ ကားထဲရှိလူနှစ်ယောက်ကလည်း အကြောက်အလန့်မရှိ။ ကား



www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်ဖြင့် ခေတ်ပေါ်ဟစ်ပော့သီချင်းတစ်ပုဒ်ကို အေးအေးလူလူ နားထောင်နေကြခြင်း ဖြစ်သည်။

ထိုသူနှစ်ယောက်မှာ ကက်နက်နှင့် ခင်စိုးလှိုင်တို့ဖြစ်ကြောင်း ပြောပြရန်ပင် လိုမည်မထင်ပါချေ။ သူတို့သည် မခံချင်စိတ်ဖြင့် ထက်ထွန်းတို့နှင့် အလောင်းအစားလုပ်ကာ ဤနေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဤသံလမ်းပေါ်တွင် သူတို့ကားကိုရပ်ကာ ည (၁၂) နာရီမှ (၁) နာရီအထိ နေရုံသာရှိ၏။ တစ်ချက်ထိုး၍မှ ထူးခြားမှုမရှိလျှင် ပြန်ကြရုံသာဖြစ်သည်။ ပထမတော့ ဤကိစ္စကို ကက်နက်က သူတစ်ယောက်တည်း ဆောင်ရွက်မည်ဟုဆို၏။

သို့သော် . . .

ခင်စိုးလှိုင်က . . . သူလည်း အဖော်အဖြစ်လိုက်မည်ဆိုသောအခါ ငြင်းဆန်ခြင်းမပြုတော့။ ဒီကောင်မလေးက သူ့ကိုကပ်နေတာ သူက ကောင်းကောင်းသိနေ၏။ ကက်နက်ဆိုတဲ့ ကောင်ကလည်း ကိုယ့်မုတ်ဆိတ်ကို လာစွဲတဲ့ပျားကို မောင်းထုတ်ရလောက်အောင် မိုက်မဲသူတော့မဟုတ်။

အခုပဲကြည့်။ သူတစ်ယောက်တည်း နေရတာထက်စာရင်တော့ အပျင်းပြေတာပဲ မဟုတ်လား။ ကောင်မလေးက သူ့ရင်ခွင်ထဲရောက်နေသည်။ ပြင်ပက ရွှန်းမြသောလရောင်က ရိုမန်တစ်ဆန်သောအချစ်ကို အားပေးနေသလိုရှိ၏။ ကားထဲမှာ ပြန့်လွင့်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဟတ်ပေါ့တေးဂီတကလည်း . . .

ဗုန်းကနဲ ဘေးမှမှန်တံခါးကို တစ်စုံတစ်ယောက်က လာ ရိုက်လိုက်သဖြင့် သူတို့လန့်သွားကာ ကြည့်လိုက်မိသည်။ သူတို့က ဤကားကို မှင်စာကလေးတွေ လာတွန်းသဖြင့် ရွေ့သွားလိမ့်မည်ဟု လုံးဝမယုံကြည်။ ထို့ကြောင့် ဤအဖြစ်ကို မျှော်လင့်ထားခြင်းလည်း မရှိ။ ကက်နက်သည် စိတ်ဆတ်သော လူငယ်ပီပီ၊ ဒေါသထွက်၍ သွားသည်။

"တို့ကိုနှောင့်ယှက်တာ ဘယ်ကောင်လဲကွ"

ဗုန်းကနဲရိုက်သံသာ ကြားရကာ ဘာကိုမှ မမြင်မတွေ့ရ သောကြောင့် ဖြစ်သည်။ ခင်စိုးလှိုင်က လန့်သွား၏။

"ကျွန်မတို့ကို သရဲခြောက်နေပြီထင်တယ်"

"မဟုတ်တာမပြောနဲ့ . . ."

"ဟောဟိုမှာ မည်းမည်းကြီး"

ကားရှေ့ကို လက်ညှိုးထိုးကာ ခင်စိုးလှိုင်က အော်လိုက်၏၊ ဟုတ်သည်။ ကားရှေ့မှာ ရပ်နေသူကို မည်းမည်းကြီးဟုဆိုနိုင်၏။ ဘောင်းဘီမည်းမည်း၊ ရှပ်အင်္ကျီမည်းမည်း။ ပြီးတော့ အပေါ်ကသင် ဝတ်ထားသည့် ကုတ်အင်္ကျီကလည်း မည်းမည်း။ ထို့အပြင် ခေါင်းငုံ့ အမည်းကြီးကို ခေါင်းမှစွပ်ထားလေရာ၊ တစ်ကိုယ်လုံးမည်းမည်းကြီး ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကက်နက်သည် လူငယ်များထဲတွင် လူစွာတစ်ယောက်ဖြစ်သည်။ သူ့အဖေအရှိန်အဝါလည်း ပါ၏။ သူတို့စည်းစိမ်ချမ်းသာကြီးမားတာလည်း ပါ၏။ ပင်ကိုယ်သတ္တိကလည်း ခေသူမဟုတ်။ ထို့ကြောင့် ရင်ဆိုင်ရန် ကားပေါ်ကဆင်းလိုက်သည်။ ခင်စိုးလှိုင်ပင်တားချိန်မရလိုက်။

"မင်းက ဘာကြောင့်နှောင့်ယှက်ရတာလဲ၊ ငါ့ကို ဘာထင်သလဲ"

BURMESE CLASSIC

ဝတ်စုံမည်းထံ လျှောက်သွားရင်း ပြောလိုက်၏။ သတိကင်းမဲ့စွာ ချဉ်းကပ်သွားမိတာက သူ့အမှားပင် ဖြစ်သည်။ လက်တစ်ကမ်းအကွာ မှီနိုင်သောနေရာသို့ ရောက်သည်နှင့်၊ ထိုလူမည်းက နောက်ကိုပစ်ထားသော လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက်ရာ ညာဘက်လက်ထဲတွင် အတော်အတန်ကြီးမားသော ပုဆိန်တစ်လက်ပါလာတာတွေ့ရ၏။

ထိုပုဆိန်က မြောက်တက်သွားရာ လရောင်နှင့် ပုဆိန်သွားထိသဖြင့် တစ်ချက်လင်းလက်သွား၏။ ဒီတော့မှ ကက်နက်ကရှောင်တိမ်းရန် ကြိုးစားသည်။ သို့သော် နောက်ကျသွားလေပြီ။ ပုဆိန်သွားက သူ့ခေါင်းခွံထဲ စိုက်ဝင်သွားလေရာ "စွပ်"ဟူသောကျယ်လောင်သည့်အသံ ထွက်ပေါ်လာလေတော့သည်။

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

အာရုဏ်တက်ကာနီး ဤအနီးမှဖြတ်သွားသော အဝေးပြေးခရီးသည်တင်ကားတစ်စီးက ဤအလောင်းနှင့် ရပ်ထားသော ကားကိုမြင်ကာ၊ စခန်းသာရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ အလောင်းက ကက်နက်။ ခေါင်းတွင် ကြီးမားသော ခုတ်ရာဒဏ်ရာဖြင့် လမ်းပေါ်လဲကျအသက်ပျောက်နေသည်။ သူ့အနီးတွင် ရပ်ထားသော သူ့ကားရှိ၏။ ကားထဲတွင် ဘယ်သူမှမရှိ။ ဖရိုဖရဲဖြစ်ခဲ့ဟန်အံခြေအနေပေါ်လွင်နေကာ ပွင့်ကျနေသော လက်ကိုင်အိတ်က ခင်စိုးလှိုင်၏လက်ကိုင်အိတ် ဖြစ်နေလေသည်။

ရဲအုပ်ဦးရဲလွင် တော်တော်ခေါင်းခြောက်သွားသည်။ သူဒီမြို့ကလေးကို ပြောင်းရွှေ့အမှုထမ်းတာ ဆယ်နှစ်ရှိပြီ။ မှုသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



တစ်မှုမှ မကြုံတွေ့ခဲ့ရသဖြင့် အင်မတန်အေးချမ်းသော မြို့ကလေး ဟုပင် အမွှန်းတင်ခဲ့မိသေး၏။ ယခုတော့ . . .

လူသတ်မှု . . .။

သေဆုံးသူက မြို့နယ်လွှတ်တော်အမတ်၏သား။ အဘိုးကြီးက သူ့ကိုဖိအားပေးနေလေပြီ။ တရားခံကို အမြန်ဆုံးဖော်ထုတ်ဖို့။ ပြီးတော့ ခင်စိုးလှိုင်ဆိုသော ကောင်မလေးက ဘယ်ကိုပျောက်နေသနည်း။ ကက်နက်သေဆုံးချိန်မတိုင်မီက ကက်နက်နှင့်သူ အတူတူ ရှိနေတာက သေချာသည်။

ယခု ဘယ်ရောက်နေသနည်း။ သူ့ကိုတွေ့ရရင်တော့ အမှုနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံသိရမှာ သေချာသည်။ ကောင်မလေးကို အမြန်ရှာရမည်။ ကောင်မလေး စကားပြောနိုင်တုန်း မသေခင်မှာ ရှာတွေ့ဖို့ အရေးကြီးသည်။ အသက်သေလျက် တွေ့ရလျှင် ကောင်မလေးထံမှ ဘာစကားမှ ကြားနိုင်တော့မှာ မဟုတ်ပါချေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ထိုညက လသာသည်။ အခုတော့ လရောင်ကို သွေးစွန်းခဲ့ပြီဖြစ်သည်။ လူငယ်တွေ လောင်းကစားမှုတစ်ခု ပြုလုပ်ရာက ဤလူသတ်မှု ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း ရဲအုပ်ဦးရဲလွင်က သိနိုင်သွားသဖြင့် ပတ်သက်သူတစ်ချို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။ ထိုအထဲတွင် ညိုညိုဝင်းသာမက ချိုချိုသင်းလည်းပါ၏။ ဒီပြဿနာက သူက စခဲ့သည် မဟုတ်လား။

ချိုချိုသင်း၏ အစစ်ခံချက်ကို ရဲအုပ်ကလည်း မယုံ၊ သူမိဘတွေကလည်း မယုံ။ သူ့အဖေကတော့ တော်တော်စိတ်ပျက်နေသည်။ ချိုချိုသင်းကို ထုံးစံအတိုင်း အပြစ်တင်စကားပြောသည်။

“ခင်းကို ရန်ကုန်က အဘွားဆီပဲ ပြန်ပို့ထားတော့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်"

သို့သော် ဤအတိုင်းဆောင်ရွက်၍တော့ မဖြစ်။ ဤလူသတ်မှု၏တရားခံမပေါ် မချင်း အမှုနှင့်ပတ်သက်သူတွေ ဤမြို့မှ ထွက်ခွာသွားခြင်းမပြုရန် ရဲအုပ်ဦးရဲလွင်က တိတိကျကျ တားမြစ်ထား၏။ အခုလောလောဆယ်တော့ ရဲက အခြေအနေမှဲ့ အရက်သမားကြီး ဦးထွန်းသန်းကို ဖမ်းဆီးစစ်ဆေးနေသည်။

တကယ်တော့ ဦးထွန်းသန်းသည် သနားစရာလူကြီးတစ်ဦးသာ ဖြစ်သည်။ တံခါးပိတ်ရန် ပေါ့လျော့မှုအတွက် သူအလုပ်က အထုတ်ခံခဲ့ရသည်။ အလုပ်ထုတ်ခံရတာကို သူက ဝမ်းမနည်း။ သူဝမ်းနည်းတာက သူ့ပေါ့လျော့မှုအတွက် ကလေးတွေ အသက်ဆုံးပါးခဲ့ရသည့် ကိစ္စဖြစ်သည်။

ဒီအတွက် သူတစ်သက်လုံး ပူဆွေးနေရသည်။ ထိုကြေကွဲမှုကို အရက်ဖြင့်ကုစားရန် အားထုတ်နေရသည်။ သို့သော် အခြေအနေတွေက သူ့အပေါ် အပြစ်ပုံကျနေ၏။ ဤနေရာနှင့် အနီးဆုံးရှိနေတာက သူ။ ပြီးတော့ လူသတ်ရာမှာ အသုံးပြုခဲ့သည့် သွေးစွန်းနေသည့် ပုဆိန်ကိုလည်း သူနေထိုင်ရာ တဲပျက်အနီးတွင် တွေ့ခဲ့ရသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ည ၁၂ နာရီ . . .။

ရထားသံလမ်းဆုံတွင် ကားလေးတစ်စီးရပ်ထား၏။ ကားထဲတွင် ထိုင်နေသူက ချိုချိုသင်းအဖေ၊ ဆရာဝန်ကြီးဦးအောင်သင်း။ သူက သူ့သမီးကို ယုံသည်။ ချိုချိုသင်းက လိမ်ပြောတတ်သူမဟုတ်၊ သို့သော် ဤကိစ္စကိုတော့ မယုံ။ ပရလောကနှင့်ပတ်သက်၍ သူ့မှာ အတွေ့အကြုံမရှိ၊ ထို့ကြောင့် ဤကိစ္စဟုတ်မဟုတ် သိရစေရန် ကိုယ်တိုင်လက်တွေ့စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်သည်။ သူဒီလိုလုပ်တယ်ဆိုတာ ဘယ်သူ့ကိုမှ အသိမပေး။ ဇနီးဖြစ်သူကိုပင် ဆေးခန်း၌ ညတာဝန်ယူရမည်ဟု လိမ်ပြောလိုက်၏။

နာရီဝက်လောက်နေတော့ သူစိတ်ပျက်သွား၏။ အားလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



မထူးခြား။ ဒီလိုကိစ္စမျိုးဆိုတာ မဖြစ်နိုင်၊ သူ့သမီးစကားကိုယုံကာ သူဒီလိုစမ်းသပ်တယ်ဆိုတာကပင် လူကြားလျှင် ရယ်စရာကောင်းနေပေလိမ့်မည်။ သူသက်သက်ရူးတာပဲဟုတွေးကာ ထိုနေရာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ်မှာပင် သူ့ကားက သိမ့်ကနဲလှုပ်သွားတာ သတိထားမိ၏။ ပြီးတော့ တရွေ့ရွေ့လိမ့်စပြုသည်။ ဦးအောင်သင်း အံ့ဩသွားသည်။ ကားနောက်ကားဘေးကို ကြည့်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ။

သေသေချာချာ ကြည့်လိုက်တော့မှ နှင်းငွေ့ရိုက်ကာ စိုစွတ်နေသော ကားမှန်ပေါ်တွင် ခတ်ရေးရေးထင်နေသည့် လက်ရာကလေးများကို တွေ့ရ၏။ လက်ကလေးတွေ၏ အရွယ်အစားက သေးငယ်လှသဖြင့် ကလေးလက်ကလေးတွေဟု ယူဆနိုင်၏။

သူ ကြက်သီးတစ်ချက် ထသွားကာ ကားကို ထိုနေရာက မောင်းထွက်လာခဲ့လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* "သရဲက ဘာကြောင့် ကက်နက်ကို သတ်ရတာလဲ"

"ဒါတော့ ငါဘယ်သိမလဲ၊ မြို့က လူငယ်တွေ ကြောက်နေကြတာတော့ အမှန်ပဲ၊ ဒါကြောင့် နိုက်ကာလပ်မှာ ဘယ်သူမှ ညဉ့်နက်အောင် မနေရဲကြဘူး၊ အားလုံးအိမ်ပြန်ကုန်ကြတယ်"

## (၈) ဓါတ်ပုံထဲက သဲလွန်စ

www.burmeseclassic.com

www.burmeseclassic.com

## (၈) ခါတ်ပုံထဲက သဲလွန်စ

အခုတော့ ဦးအောင်သင်းသည် ကိုယ်တွေ့ကြုံနေရပြီဖြစ်ရာ ချိုချိုသင်းပြောသမျှကိုမယုံဟု ငြင်းဆန်မရတော့။ လောကတွင် လူတို့၏သာမန်အသိဉာဏ်ဖြင့် ဆုံးဖြတ်မရနိုင်သော ထူးခြားသည့်ကိစ္စတွေ၊ ရှိသည်ဆိုသည့်အကြောင်း သူကောင်းကောင်းသဘောပေါက်သွားသည်။ ကားမှန်တွင် ထင်နေသော လက်ရာသေးသေးကလေးတွေက အိမ်ရောက်သည်အထိ ရှိနေသေးရာ သူက အဝတ်စုတ်နှင့်သုတ်ကာ ဖျောက်ပစ်လိုက်ရသည်။ တာမလွန်ဘဝသို့ ရောက်နေသည့်ကလေးတွေက သူတို့လိုအဖြစ်ဆိုးမျိုး မကြုံရလေအောင် ဤကားကို ရထားလမ်းပေါ်မှ တွန်းလွှတ်လိုက်ကြခြင်းသာ ဖြစ်သည်။

"သမီး . . . ချိုချိုသင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး အခန်းတံခါးကိုခေါက်ကာ အထဲဝင်သွားသည်။ ချိုချိုသင်းက ပြတင်းပေါက်တွင်ရပ်ကာ အပြင်သို့ ငေးကြည့်နေသည်။ စိတ်ကောက်နေသောကြောင့် သူ့အဖေ အခန်းထဲဝင်လာတာ တွေ့သော်လည်း လှည့်မကြည့်။

"သမီး . . . ချိုချိုသင်း"

ဟုခေါ်လိုက်တော့ လှည့်မကြည့်ပဲ . . .

"သိပါတယ်ဖေဖေ၊ သမီးပြောခဲ့တာတွေကို မပြောခဲ့ဘူးလို့ပဲ သဘောထားလိုက်ပါတော့၊ သမီးက ရှုံးနေတာပါ"

ဟုပြောလိုက်၏။ ဦးအောင်သင်းက . . .

"မဟုတ်ဘူး သမီး၊ အခု ဖေဖေက သမီးမရှုံးဘူးဆိုတာလာပြောတာ"

ကြားလိုက်ရသော စကားကြောင့် ချိုချိုသင်းက အံ့ဩသွားကာ လှည့်ကြည့်၏။ ပြီးတော့ . . .

"သမီးစကားတွေကို ဖေဖေယုံတယ်လို့ ပြောလိုက်တာပေါ့ . . . ဟုတ်လား"

"ဟုတ်တယ်သမီး၊ ဒီကိစ္စကို ဖေဖေကိုယ်တိုင် စမ်းသပ်ခဲ့ပြီးပြီ"

"အဲဒီတော့ . . ."

"အဖေ့ကားဟာ တွန်းတဲ့သူမပါဘဲ သံလမ်းပေါ် က ရွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ ကားမှန်ပေါ်မှာ တွန်းတဲ့ကလေးလက်ဖဝါးရာ သေး သေးကလေးတွေ တွေ့ရတယ်"

သူ့အဖေက ဘာကိုမှအကြောင်းမဲ့ ယုံကြည်တတ်သူမဟုတ်။ ခေတ်ပညာတတ် ဆရာဝန်တစ်ဦးဖြစ်ကာ ချင့်ချိန်နိုင်စွမ်းကြီးမားသူ။ သူ့အဖေကိုယ်တိုင်က သူ့စကားကို ယုံတယ်ဆိုတော့၊ ချိုချိုသင်း အားတက်သွား၏။ သူ့အဖေက လေးနက်သောလေသံဖြင့် . . .

"ဒါပေမယ့် သမီးကိုတစ်ခုတော့ သတိပေးချင်တယ်၊ အဲဒီစကားကို ဘယ်သူ့မှ ထပ်မပြောမနေနဲ့တော့"

"သမီးပြောစရာ မလိုဘူးဖေဖေ၊ ဒီကိစ္စက ဒီမြို့မှာပုံပြင် တစ်ပုဒ်လို ပြန့်နှံ့နေတာပဲ"

"ဟုတ်တယ်လေ၊ သမီးပြောသလိုပဲ သူတို့က ပုံပြင်တစ်ပုဒ် လိုသာ လက်ခံထားကြတာ၊ ဘယ်သူကမှလည်း မစမ်းသပ်ကြဖူးဘူး၊ ယုံလည်းမယုံကြဘူး၊ အဲဒီတော့ ပြောတဲ့သူပဲ အရူးဖြစ်မှာ၊ နောက် တစ်ချက်က သမီးဒီကိစ္စထဲ ဘာမှမပါဝင်မပတ်သက်ဘဲ ခပ်ဝေးဝေး ကသာ နေပါ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"အန္တရာယ်များလို့ပေါ့၊ ငါ့သမီးအပေါ် အန္တရာယ်တွေ ဘာ ရောက်လာမှာစိုးလို့ပေါ့၊ ကက်နက်သေဆုံးရတာဟာ အဲဒီကိစ္စနဲ့ ပတ်သက်နေတယ် မဟုတ်လား၊ ပြီးတော့ ဟိုကောင်လေး ခင်ဝိုး



www.burmeseclassic.com

www.burmeseclassic.com



လှိုင်လည်း ပျောက်နေတယ်၊ အခုအချိန်အထိ ရဲဘက်က ဘယ်လိုမှ စုံစမ်းမရသေးဘူး"

"ဒါနဲ့ ဦးထွန်းသန်းကြီးကို ဖမ်းထားတယ်ဆိုတာရော၊ သမီးကတော့ ဒီလူကြီးသတ်တယ် မထင်ဘူး"

ဦးထွန်းသန်းက သူ့အား ကက်နက်လက်ထဲမှ ကယ်ဖူးတာ သတိရပြီး ပြောလိုက်ခြင်းဖြစ်သည်။

ဦးအောင်သင်းကလည်း . . .

"အဖေလည်း ဒီလူကြီးသတ်တယ်လို့ မထင်ပါဘူး၊ ဒါပေမယ့် အခြေအနေအရပ်ရပ်က သူ့အပေါ် မသင်္ကာစရာဖြစ်နေလို့ ခေါ် စစ်နေတာပါ၊ ရဲမှူးကြီးက သက်သေအထောက်အထားလည်း ရှာမရတော့ မကြာခင် ပြန်လွှတ်မယ်ပြောပါတယ်၊ ကဲ . . . သမီးလည်း နားတော့၊ အိပ်တော့၊ ဒီကိစ္စတွေ ခေါင်းထဲဘာမှ ထည့်မထားနဲ့နော်"

သူ့အဖေက နှုတ်ဆက်ကာ ထွက်သွား၏။ မကြာမီ ညိုညို ဝင်း အခန်းထဲဝင်လာသည်။

"နင် ဘယ်ကပြန်လာတာလဲ"

"ကောင်းကင်နန်းတော်က"

ကောင်းကင်နန်းတော်ဆိုတာ သူတို့မြို့မှ အဆင့်မြင့်နိုက်ကလပ်ကလေးတစ်ခုဖြစ်ကာ ပိုက်ဆံရှိသော အသိုင်းအဝိုင်းက လူငယ်တွေ ကျက်စားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုတောင် ထက်ထွန်းက မေးနေသေးတယ်၊ ဘာလို့ ခေါ်မလာတာလဲတဲ့"

"အဲဒီလိုပွဲမျိုးတွေကို ငါစိတ်မပါတာ နင်လည်းသိသားနဲ့ ဒါနဲ့ သူ့ကို ထက်ထွန်းလို့ မခေါ်ပါနဲ့၊ နင့်ထက်ကြီးတယ် မဟုတ်လား"

"အို . . . ကွယ်ရာမှာ ခေါ်တာပဲ"

"ကွယ်ရာဆိုပေမယ့် မကောင်းဘူးလေ"

"ဟုတ်ပါတယ်၊ နောက်ဆို တရိုတသေ ကိုထက်ထွန်းလို့ ပြောပါ့မယ်၊ မကြာခင် ခဲအိုတော်ချင်တော်ရမှာ မဟုတ်လား"

ဟုနောက်ပြောင်နေ၏။ ချိုချိုသင်းက . . .

"နင်တော်တော် ပျော်ခဲ့တယ်ထင်တယ်"

"မပျော်ရပါဘူး၊ အားလုံးက ရထားလမ်းဆုံက သရဲအကြောင်း ပဲ ပြောနေကြတယ်"

"သရဲ . . . ဟုတ်လား"

"ဟုတ်တယ်လေ၊ ကက်နက်ကို သတ်သွားတာ လူမှမဟုတ် ဘဲ သရဲတဲ့ . . ."

"ဘယ်သူက ပြောတာလဲ"

"ဟိုဦးထွန်းသန်းဆိုတဲ့ တံခါးစောင့်ကြီးပြောတာပဲ သူ့ မိန်းမဝေးက တွဲပျက်ကြီးထဲမှာ အိပ်တာလေ၊ သူအဲဒီညက မြင်း မည်းအကောင်ကြီးတစ်ကောင် လျှောက်သွားတာ တွေ့လိုက်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သရဲတဲ့။ ဒါဆို ပျောက်ဆုံးနေတဲ့ ခင်စိုးလှိုင်ရော။ အသက်ရှင်လျက် ရှိပါသေးသလော။

"အဲဒါဟာ ဆွဲကြိုးချသေသွားတဲ့ ရှုပိုင်ကြီးလို့ပြောတယ်"

"သရဲက ဘာကြောင့် ကက်နက်ကိုသတ်ရတာလဲ"

"ဒါတော့ ငါလည်း ဘယ်သိမလဲ၊ မြို့ကလူငယ်တွေ ကြောက်နေကြတာတော့ အမှန်ပဲ၊ ဒါကြောင့် နိုက်ကလပ်မှာ ဘယ်သူမှ ညဉ့်နက်အောင် မနေရဲကြဘူး၊ အားလုံးအိမ်ပြန်ကုန်ကြတယ်"

"မှန်တာပေါ့၊ နင်လည်း ညဉ့်နက်ရင် လျှောက်သွားမနေနဲ့"

ချိုချိုသင်းစကားကြားတော့ ညိုညိုဝင်းက ရယ်လိုက်သည်။

"ငါက ဖြစ်နိုင်ရင် အဲဒီသရဲဆိုတာနဲ့ တွေ့ချင်နေတာ၊ သရဲဆိုတာ ဘယ်လိုနေသလဲလို့၊ ငါက ဒါမျိုးတွေ ယုံမှမယုံတာ"

"အဲသလို မကြမ်းဝါးကောင်းဘူး ညိုညို၊ တကယ်တွေ့တတ်တယ်"

"တွေ့ရရင် ကောင်းတာပေါ့"

ညိုညိုဝင်းက အပြောင်အပျက်ပြောကာ သူ့ကုတင်ပေါ်တက်ပြီး ချိုချိုသင်းကို ကျောခိုင်းနေလိုက်၏။ ချိုချိုသင်းကသာ ဇွတ်တရွတ်နိုင်သော ညီမလေးကိုကြည့်ကာ စိတ်လေးစွာ သက်ပြင်းချလိုက်မိလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် အဖေက ကားကလေးဖြင့် သူ့ဆေးခန်းကို ကိုယ်တိုင်မောင်းထွက်သွား၏။ ချိုချိုသင်းက မြို့လယ်ရှိစတိုးဆိုင်သို့ သူ့အမေနှင့် ညီညီဝင်းတို့ကို လိုက်ပို့သည်။ အပြန်တွင် ကားမောင်းလာရင်း အိမ်တစ်အိမ်ကို လှမ်းမြင်လိုက်ရသောအခါ သူ့ကားကို ရုတ်တရက် ရပ်လိုက်သည်။ အိမ်က ဆေးရောင်ပျယ်လွင့်နေသော အိမ်ဟောင်းတစ်လုံး။

ခြံဝန်းတံခါးက ပြုတ်ထွက်နေ၏။ ခြံစည်းရိုးတိုင် တချို့က ပြိုလဲနေ၏။ ရုတ်တရက်ကြည့်လိုက်လျှင် လူမနေသောအိမ်တစ်လုံးနှင့်တူနေ၏။ မှန်တပ်ထားသော ပြတင်းတံခါးတွေကလည်း အ[illegible]ထားကာ ထိုတံခါးများတွင် လိုက်ကာများ ထာဝရချထား၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရထားလမ်းဆုံမှ သူ့ကားကို ကားကြုံစီးလာခဲ့သည့် ဂါဝန်ဖြူဖြူနှင့် ကောင်မလေးက ဤအိမ်ရှေ့တွင် ကားရပ်ခိုင်းကာ အိမ်ထဲပြေးဝင်သွားတာ မှတ်မိ၏။ အဲဒီကောင်မလေးက ဒီအိမ်မှာနေတာလား။ ဒီကောင်မလေးကိုမြင်ရတာ သူ့အတွက် အနည်းငယ် ထူးဆန်းနေ၏။ ဒီကောင်မလေးနှင့် ရထားတိုက်မှုသည် တစ်စုံတစ်ရာ ဆက်နွယ်မှုရှိနေလေသလား။ အနည်းဆုံး ဒီကောင်မလေးကို တွေ့ဆုံမေးမြန်းရလျှင် တစ်စုံတစ်ရာသိရလေမလားလဲ တွေးနေမိ၏။

ထို့ကြောင့် ကားပေါ်ကဆင်းကာ ခြံထဲဝင်လာခဲ့သည်။ ခြံထဲက အပင်တချို့က ခြောက်သွေ့ကာ သေနေသည်။ မပြုပြင်ဘဲထားသည်မှာ ကြာပြီဖြစ်ဟန်ဖြင့် ခြုံပုတ်ငယ်များ တောထနေ၏။ အနက်ရောင်မြွေဟောက်တစ်ကောင် ခြုံအောက်မှ လျှောကနဲထွက်လာကာ သူ့ကိုတွေ့တော့ ပါးပျဉ်းထောင်၏။

ရုတ်တရက် ချွေချွေသင်းလန့်သွားကာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။ မလှုပ်မယှက်ဖြစ်နေသော သူ့ကို မြွေကကြည့်ကာ တိတ်ဆိတ်စွာ ထွက်ခွာသွားသည်။ ဒီတော့မှ သူက အိမ်ရှေ့ဆင်ဝင်အောက် ပြေးတက်သွားကာ တံခါးကို ခေါက်လိုက်သည်။ အထဲက ဘာတုန့်ပြန်သံမှမကြားရ။ ဤအိမ်ကား လူမနေကြသော အိမ်ဖြစ်ဟန်တူသည်။ သူဝင်လာခဲ့မိတာ မှားပြီထင်သည်။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုသင်းသည် လွှယ်လွှယ်နှင့် ဖွဲ့မလျှော့တတ်သူပီပီ တံခါးကို ခတ်ကျယ်ကျယ်ခေါက်လိုက်ကာ . . .

"အိမ်ရှင်တို့ အိမ်ရှင်တို့ အထဲမှာလူမရှိဘူးလား"

ဟုအော်လိုက်၏။ သို့တိုင်အောင် အချိန်အတော်ကြာသည်အထိ တုန့်ပြန်မှုမရှိသဖြင့် တံခါးဝမှ ပြန်ခွာရန် ပြင်ဆင်လိုက်စဉ်မှာပင် သူ့ရှေ့မှတံခါးမှာ ရုတ်တရက် ပွင့်ဟသွားသဖြင့် ချိုချိုသင်းမှာ အထိတ်တလန့်ပင် ဖြစ်၍သွား၏။ ဤတံခါးနားကို လျှောက်လာသော ခြေသံလုံးဝမကြားရဘဲ တံခါးပွင့်သွားသောကြောင့် ဖြစ်သည်။ဘယ်လိုလုပ် တံခါးနားကို ရောက်လာရသလဲ။

တံခါးဝတွင် ရပ်နေသူက အသက်၄၀ကျော်ခန့်ရှိပုံရသော မိန်းမတစ်ဦးဖြစ်သည်။ မိန်းမတစ်ဦးအနေဖြင့်ဆိုရသော် အရပ်မြင့်မြင့်ဟု ဆိုရပေမည်။ ချိုချိုသင်းထက်ပင် ခေါင်းတစ်လုံးခန့် ပိုမြင့်နေ၏။ ထို့ကြောင့် ပိန်သည်ဟု ထင်စရာရှိ၏။ သူ့မျက်နှာက တည်သည်မဟုတ်။ ညှိုးလျှနေသည်လည်း မဟုတ်။ အစိမ့်ပွါယ်ဖော် ရခက်သောမျက်နှာ။ ပြောရရင် အသက်ကင်းမဲ့နေသော မျက်နှာမျိုးဖြစ်၏။ မျက်လုံးတွေကတော့ အရက်သမားတစ်ယောက်ရဲ့ မျက်လုံးတွေလို နီနီဝေဝေရှိနေလေသည်။

"ဘာကိစ္စလဲ . . ."

သူ့အသံကလည်း ခြောက်ကပ်ကပ်နိုင်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီအိမ်မှာနေတဲ့ ကလေးမလေးနဲ့ တွေ့ချင်လို့ပါ"

ဟုပြောလိုက်တော့ သူက . . .

"ဘာ . . . ကလေးမလေး ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆယ်နှစ်သမီးလောက် ကောင်မလေးပါ၊ ဒီကောင်မလေးက ဂါဝန်အဖြူကလေး ဝတ်ထားတယ်လေ"

"ဒီအိမ်မှာ ဘာကလေးမမှ မရှိပါဘူး"

ဒီမိန်းမကြီး အကြောင်းတစ်ခုခုကြောင့် လိမ်နေတာဟု ချိုချိုသင်းက တွေးလိုက်၏။

"သူ . . . ရထားလမ်းဆုံကနေ ကားကြုံလိုက်စီးပြီး ဒီအိမ်ထဲဝင်သွားတာ ကျွန်မကိုယ်တိုင် မြင်လိုက်ရတာပါ"

မိန်းမကြီးက သူ့ခေါင်းကိုရမ်းခါလိုက်ကာ . . .

"ဒီအိမ်မှာ ဘယ်တလေးမှ မရှိဘူး၊ ဒီအိမ်မှာ တခြားသူတွေလည်းမရှိဘူး၊ ဒီအိမ်မှာနေနေတာက ငါတစ်ယောက်တည်းပဲ"

ဒီစကားကို ချိုချိုသင်းက မယုံနိုင်ဖြစ်သွားသည်။ သို့သော် သူက မရှိဘူးပြောနေမှတော့ ပြန်လှည့်ရုံသာ ရှိတော့သည်။ ထိုစဉ် မိန်းမကြီးက . . .

"မင်း တကယ်ပဲ ဖြူဖြူကို တွေ့ခဲ့တာလား"

ဟုမေး၏။ ချိုချိုသင်းက . . .

"ဖြူဖြူဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့ခဲ့တယ်ဆိုတဲ့ ဂါဝန်ဖြူနဲ့ ကောင်မလေးကိုပြောတာ"

"ကျွန်မ တကယ်တွေ့ခဲ့တာပါ"

ဆိုတော့ သက်ပြင်းချလိုက်ကာ . . .

"မင်း . . . ဒီအကြောင်းတွေကို စိတ်ဝင်စားတယ်ဆိုရင် ငါပြောပြနိုင်ပါတယ်၊ အထဲခဏ ဝင်ထိုင်ပါဦးလား"

ဟု ဖိတ်ခေါ်လိုက်လေသည်။ ချိုချိုသင်းက ချက်ချင်းပင် သက်ခံလိုက်ကာ အထဲဝင်ထိုင်လိုက်၏။ အခန်းက အတော်အတန် ကျယ်ဝန်းသော်လည်း ပြတင်းတံခါးတွေ ပိတ်ထားသဖြင့် အလင်းရောင်အားနည်းလှ၏။ ပြီးတော့ လေဝင်လေထွက်မရှိသဖြင့် အသက်ရှူကြပ်သလိုခံစားရ၏။ ထိုမိန်းမကြီးက . . .

"ငါကတော့ မှောင်ထဲမှာနေရတာ ကျင့်သားရနေပြီ၊ နေဦး . . . ငါမီးဖွင့်ပေးမယ်"

ဟုဆိုကာ လျှပ်စစ်မီးဖွင့်ပေး၏။ မီးချောင်းအလင်းရောင်ကြောင့် အခန်းထဲတွင် တော်တော်လင်းလင်းချင်းချင်း ဖြစ်သွား၏။ ဒီတော့မှ ဟောင်းနွမ်းလှသော ပရိဘောဂတွေကို ကောင်းစွာမြင်ရ သော့သည်။ တချို့ကြိမ်ကုလားထိုင်တို့မှာ ကြိမ်တို့ပေါက်ပြဲနေလေ ပြီ။ သူက အကောင်းပကတိရှိနေသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ပရိဘောဂတွေပေါ်မှာ ဖုံတွေတင်နေသော . . . နေ ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ငါကော်ဖီတစ်ခွက်ႈ သာက် သွားဖျော်လိုက် ဦးမယ်"

သူ ဘာမှမပြောနိုင်မှီ ထိုမိန်းမကြီးက နောက်ဖေးခန်းသို့ ဝင်သွား၏။ ဒီတော့မှ သူ့ရှေ့စားပွဲပေါ်တွင် ထောင်ထားသော ဓါတ်ပုံကလေးတစ်ပုံကို ချိချိသင်းဂရုထားမိသွား၏။ ထို့ကြောင့်ပင် ကောက်ယူကြည့်လိုက်သည်။ ဓါတ်ပုံက သားအဖသုံးယောက်ပုံဖြစ်သည်။

အလယ်တွင် အသက်လေးဆယ်ကျော်ခန့်ရှိ ခန့်ညားသော၊ အရပ်မြင့်မြင့်ယောကျ်ားကြီးတစ်ယောက်။ သူ့ဘေး တစ်ဖက်တစ်ချက်စီတွင် သမီးများဖြစ်ဟန်တူသော ကောင်မလေးနှစ်ယောက်က ရပ်နေလေသည်။ တစ်ယောက်က ဆယ့်သုံးနှစ်ခန့်ရှိကာ တစ်ယောက်က ဆယ်နှစ်ခန့်ရှိ၏။ ဆယ်နှစ်ခန့်ရှိသော ကောင်မလေးက ဂါဝန်ဖြူဖြူကလေးဝတ်ထား၏။ ပြီးတော့ ပုန်းတဝိုက်တွင် ဝဲကျနေသော ကောက်ကောက်ကွေးကွေး ဆံပင်လေးများရှိသည်။ ဒီကောင်မလေးက သူနဲ့ မကြာခဏတွေ့နေရတဲ့ ကောင်မလေးပဲ။ သူ့ကားကို တစ်ခါက ကားကြုံလိုက်စီးခဲ့တဲ့ ကောင်မလေးပဲ။ သူက ဓါတ်ပုံကိုကိုင်ကာ အတန်ကြာအောင် ငေးမောနေခဲ့မိသည်။

အဘယ်ကြောင့်ဆိုသော် . . .

ဓါတ်ပုံက အဖြူအမည်းဖြစ်ကာ အတော်ပင် ဟောင်းနွမ်းနေသည်။ နှုတ်ခမ်းအနားလေးတွေမှာ ဆေးပင် ကွက်ရှင်းစပြုနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည့်ရတာ အခုရိုက်ထားသော ဓါတ်ပုံမဖြစ်နိုင်။ လွန်ခဲ့သော အနှစ်သုံးလေးဆယ်ခန့်က ဓါတ်ပုံသာဖြစ်ရမည်။ ဒါဆို ဓါတ်ပုံထဲက ကောင်မလေးက ဘာကြောင့်မကြီးရင့်ပဲ ဓါတ်ပုံထဲက အရွယ်အတိုင်း ရှိနေရတာလဲ။

"ဘာလဲ . . . မင်း ဖြူဖြူ့ပုံကို ကြည့်နေတာလား"

သူ့ဘေးမှ အသံထွက်လာသည်။ သူ့ခြေလှမ်းပုံက ညင်သာလွန်းလှသဖြင့် ခြေသံမကြားရလောက်အောင်ပင် ဖြစ်သည်။ ဒီမိန်းမကြီးက ကော်ဖီပန်းကန်ကိုင်ကာ သူ့ဘေးကို ရောက်နေသည်။

"သူက ငါ့ညီမလေ . . ."

မဖြစ်နိုင်။ ဒီလောက်တော့ ညီအစ်မနှစ်ယောက်က အသက်အရွယ်မကွာခြားနိုင်။ ချိုချိုသင်းက . . .

"ကျွန်မ သူနဲ့တွေ့ချင်တယ်"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရတာလဲ"

"သူ . . . သေဆုံးခဲ့တာက အနှစ်သုံးဆယ်ကျော်ခဲ့ပြီလေ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

* ဆာဒူးကြီးက သူ့လက်တစ်ဖက်တွင်ကိုင်ထားသော ခြေ
အိုးထဲမှ အရည်များဖြင့် သူတို့အိမ်တံခါးကို ပက်လိုက်သည်
ထိုအရည်များမှာ အနီရောင်များဖြစ်လေရာ အဖြူရောင်
ဆေးသုတ်ထားသည့် တံခါးပေါ်တွင် သွေးကွက်များအသား

## (၉) လူရှင်သူ့သာ်ာန်

www.burmeseclassic.com

www.burmeseclassic.com

# (၉) လူရှင်သူ့သိက်

အခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ချိုချိုသင်းမှာ စကားမပြောနိုင်လောက်အောင် အံ့ဩနေမိ၏။ ဒီဂါဝန် ဖြူဖြူကလေးနဲ့ ကောင်မလေးက လွန်ခဲ့သော အနှစ်သုံးဆယ်က သေဆုံးခဲ့ပြီတဲ့။

"သူ့နာမည်က ဖြူဖြူတဲ့၊ ငါ့နာမည်က မူမူ၊ ငါက သူ့ထက် သုံးနှစ်ကြီးတယ်၊ ဒီကံဆိုးတဲ့ အဖြစ်အပျက်ကြီးဖြစ်တုန်းက ငါက ၁၃နှစ် သူက ၁၀နှစ်၊ ဒီခေါတ်ပုံထဲက အလယ်ကလူက တို့အဖေ ဘူတာရုံပိုင် ဦးဖော်အောင်ပဲ၊ သူ့ညာဘက်က ဂါဝန်အနက်နဲ့ မိန်းက လေးက ငါလေ"

အခုတော့ ချိုချိုသင်းအနေဖြင့် အတော်အတန် ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



၍သွားလေပြီ။ အခု ထိုဓါတ်ပုံထဲက မူမူဆိုသော ကလေးမက သူ့ရှေ့မှ ဒေါ်မူမူ။ အသက်ကလည်း ၄၃နှစ်ရှိပြီ။ ဒေါ်မူမူ၏ မျက်လုံးတွေက အဝေးအတိတ်ကာလကို လှမ်းမျှော်ကြည့်နေသလို ရီဝေဝေရှိလှသည်။ သူ့စကားသံတွေကလည်း အဝေးကြီးက ပျံ့လွင့်လာသော အသံတွေလို . . .

"ငါတို့မိသားစုလေးယောက် ဒီအိမ်ကလေးမှာ ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြတဲ့ အချိန်ကလေးကို ပြန်သတိရတယ်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်သင်းသည် အသက်သုံးဆယ်မပြည့်မီမှာပင် ဤမြို့ကလေးရှိ ဘူတာရုံသို့ ရုံပိုင်ကလေးရာထူးဖြင့် ပြောင်းရွှေ့လာခဲ့သည်။ သူက လက်ရှိအခြေအနေတွင် စာစ်ကောင်ကြွက်ဖြစ်သည်။ သူဘွဲ့ရသောနှစ်ကပင် သူ့မိခင်မုဆိုးမကြီးလည်း ကွယ်လွန်ခဲ့သဖြင့် လောကတွင် တွယ်တာစရာ သံယောဇဉ်ကင်းမဲ့နေသူဟု ဆိုနိုင်လေသည်။

ဒီမြို့ကလေးကို ရောက်သောအခါ သူသိပ်သဘောကျသည်။ ဒီမြို့ကလေးက အေးချမ်းဆိတ်ငြိမ်သည်။ နေသူတွေကလည်း ထိုး ရင်းသားတစ်ဝက်။ သူတို့တွေကလည်း ပွင့်လင်းရိုးသားကာ သဘောကောင်းကြ၏။ ပြီးတော့ တောင်ပေါ်တွင်ရှိသဖြင့် ရာသီဥတုကောင်းလေ



www.burmeseclassic.com

www.burmeseclassic.com



သန့် အမြဲရသည်။ အစားအစာတွေက သန့်ရှင်းလတ်ဆတ်သည်။ သူကြိုက်သော ပန်းသီး၊ လိမ္မော်သီးတွေ လှိုင်လှိုင်ပေါ၏။ ဒီတော့ နေပျော်သော အရပ်ဟု ဆုံးဖြတ်လိုက်သည်။ မြို့က လူတွေကလည်း ရိုးသားကာ အလုပ်တာဝန်ကျေပွန်သော ကိုအောင်သင်းကို သူတို့ ဇာတိမြို့သားတစ်ယောက်လို လက်ခံကြိုဆိုကြသည်။ ဒီကြားထဲ ဧည့်ခံပွဲတစ်ခုတွင်တွေ့ရသော ရှမ်းမြန်မာကပြားမလေး နန်းခမ်းလူ နှင့် ချစ်သူတွေဖြစ်ခဲ့ကြသည်။ ချစ်သူတွေဖြစ်ပြီး တစ်နှစ်အကြာတွင် လက်ထပ်ခဲ့ကြကာ၊ အိမ်သစ်ကလေးတစ်လုံး ဆောက်လုပ်နေထိုင်ခဲ့ကြ၏။

နန်းခမ်းလူက ယခင်က ဒေသထွက်ကုန်များကို မြေပြန့်ကို တင်ပို့သည့်အလုပ်,လုပ်သော်လည်း၊ အိမ်ထောင်ကျပြီးသောအခါ ထိုအလုပ်ကို စွန့်လွှတ်ကာ အိမ်ထောင်ထိမ်းသိမ်းမှုသာ လုပ်တော့သည်။ သူ့အတွက် ချစ်စရာကောင်းသော မူမူနှင့်ဖြူဖြူဆိုသည့် သမီးလေးနှစ်ယောက် မွေးဖွားပေးသည့်အတွက်ပင် သူက ကျေးဇူးတင်လှ လေပြီ။ သူတို့အိမ်ထောင်ကလေးကို အများကမြင်ကာ အားကျ၏။ သာယာပျော်ရွှင်စရာကောင်းသော မိသားစုဘဝကလေးတစ်ခုသာ ဖြစ်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ဤခြောက်ခြားဖွယ်ရာ ကိစ္စများမဖြစ်မီ တစ်ပတ်ခန့်က တစ်ရက်သောနေ့တွင် . . .

သူတို့အိမ်ရှေ့သို့ ဆာဒူးကြီးတစ်ယောက် ရောက်လာ၏။ ဆာဒူးဆိုသည်မှာ သမထကျင့်စဉ်ကို ပြင်းပြင်းထန်ထန် အားထုတ်နေသော အိန္ဒိယယောဂီများပင် ဖြစ်သည်။ ထိုဆာဒူးသည် နံနွင်းဝါရောင်ဝတ်ရုံကို ဝတ်ဆင်ထား၏။ မျက်နှာတွင် နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများ ထူထူထဲထဲနှင့်မို့ သူတို့အသက်အရွယ်ကို ခန့်မှန်းခက်၏။ ငယ်ထိပ်တွင် လိမ်ကျစ်ထားသော တွန့်တွန့်ကောက်ကောက်ဆံပင်များရှိ၏။ လက်ထဲတွင် ခြောက်ခြားစရာကောင်းသော တစ်ကိုက်ခန့်ရှိမည့် ကြေးသံချွန်အချောင်းကြီးတစ်ချောင်း ကိုင်ဆောင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



အခေါင်းကြီး၏တစ်ဖက်တွင် ကြေးကွင်းများရှိရာ သူလက်ကိုလှုပ်လိုက်လျှင် ထိုကြေးကွင်းတွေက အချင်းချင်းထိခတ်မိ၍ တခွင်ခွင်မြည်၏။ သူ့မျက်နှာထားကလည်း တင်းမာလှလေရာ မြင်ရသူတွေအဖို့ အထိတ်တလန့်ဖြစ်စရာ ကောင်းလှသည်။

ဤကဲ့သို့သော ဆာဒူးများကား ဤနေရာသို့ ရောက်လာခဲ့လေ၏။ သူတို့သည် ဟိမဝန္တာတောင်ပေါ်တွင်နေထိုင်ကာ တရားအားထုတ်နေသူများဖြစ်သော်လည်း တစ်ခါတစ်ရံ၌မူ အလှူခံကိစ္စကြောင့်ဖြစ်စေ၊ တခြားကိစ္စကြောင့်ဖြစ်စေ မြေပြန့်သို့ ဆင်းလာတတ်၏။ သို့သော် ဤမြို့လေးသို့ကား အရောက်ပေါက်နည်းလှသည်။

ဖြူဖြူနှင့်မူမူသည် ပန်းခြံထဲတွင်ကစားနေကြရာ ခြံထဲကို ဆာဒူးကြီးဝင်လာတာမြင်သည်နှင့် ကြောက်တတ်သော ဖြူဖြူက လန့်ကာအော်ငိုလေသည်။ ထိုအချိန်၌ ဧည့်ခန်းထဲတွင် ကိုအောင်သင်းသည် စာထိုင်ဖတ်နေ၏။ သမီးငယ်၏ငိုသံကြားသောအခါ သူက အပြင်ပြေးထွက်လာသည်။

ဆာဒူးများသည် အိမ်များသို့ဝင်ကာ အလှူ[illegible]တာ သူသိသည်။ ပြီးတော့ ကိုအောင်သင်းသည် စိတ်သ[illegible]ကောင်းမာ သူလည်း မဟုတ်။ သို့သော် သမီးငယ်ငိုနေသည်ကို တွေ့ရသောအခါ သမီးဇောနှင့် ဒေါပွသွားတော့သည်။ ဆာဒူးကြီးကို လက်သီးပေါက် ပေါက်ထိုးကာ နှင်ထုတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ ဒေါပွနေသော်လည်း ဆာဒူးကြီးကတော့ ဒေါသဖြစ်ဟန်မတူ။ ထို့ကြောင့် သူ့ကိုစကားတွေပြော၏။ သူပြောသောစကားတွေက ဟိန္ဒူစကားတွေဖြစ်သဖြင့် ကိုအောင်သင်းက လုံးဝနားမလည်။ ထွက်မသွားသည့်အတွက် စိတ်ပိုဆိုးလာသည်။ ထိုစဉ်ဆာဒူးကြီးက သူ့လက်တစ်ဖက်တွင် ကိုင်ထားသော ကြေးအိုးထဲကအရည်များဖြင့် သူတို့အိမ်တံခါးကို ပက်လိုက်၏။

ထိုအရည်များမှာ အနီရောင်များဖြစ်လေရာ အဖြူရောင်ဆေးသုတ်ထားသည့် တံခါးပေါ်တွင် သွေးကွက်နှင့် အလားသဏ္ဍာန်တူသော နီနီအကွက်ကြီးများ ဖြစ်ပေါ်လာလေသည်။ ကိုအောင်သင်းသည် ဒေါသမထွက်စဖူး ထွက်၍သွားသည်။ ထို့ကြောင့် ထိုဆာဒူးကြီးကို အတင်းပင် လက်မောင်းကဆွဲ၍ ခြံပြင်ထွက်သွားရန် နှင်ထုတ်၏။ ဖြူဖြူကလည်း ပို၍ကြောက်လန့်တကြားဖြစ်ကာ ပို၍ငိုလာသည်။ အိမ်ထဲက သူ့ဇနီးနန်းခမ်းလူထွက်လာကာ ကိုအောင်သင်းကို တားမြစ်ဖြောင့်ဖျရ၏။

ဆာဒူးကြီးကမူ လုံးဝစိတ်ဆိုးဟန်မပြ။ အိမ်ဝရောက်သောအခါ အိမ်ဆီသို့လက်ညှိုးထိုး၍ ပါးစပ်က အတန်ကြာအောင် ဘာဘာဘွတ်ရွတ်ဆိုနေပြီးမှ အေးချမ်းစွာ အိမ်ကထွက်ခွာသွားလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဒီလိုအဖြစ်ဆိုးတွေဖြစ်အောင် ဆာဒူးကြီးက ကျိန်စာတိုက်သွားတာပေါ့ . . . ဟုတ်လား"

ချိုချိုသင်းက မေးလိုက်၏။ ဒေါ်မူမူက ခေါင်းခါပြကာ . .

"ဆာဒူးဆိုတာလည်း တရားကျင့်နေတဲ့ သူတော်စင်တွေပါပဲ၊ ဒီလို ယုတ်မာကောက်ကျစ်တဲ့အလုပ်မျိုး မလုပ်ပါဘူး၊ ခက်တာက သူ့စကားကို အဖေတို့က နားမလည်တာဘဲ၊ နောက်မှ နားလည်တဲ့သူတွေနဲ့တွေ့လို့ မေးကြည့်တော့ ဒီအိမ်မှာ ဆိုးဝါးတဲ့အန္တရာယ်တစ်စုံတစ်ရာ ကျရောက်တော့မယ်ဆိုတာသိလို့ သတိပေးရအောင်လာတာတဲ့"

ချိုချိုသင်းက ရုတ်တရက်နားမလည်။ ထို့ကြောင့် မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

"ဒီဆာဒူးကြီးနဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ"

"ဘဝသံသရာ အဖန်ဖန်လည်နေကြရတာ၊ ဘဝတစ်ခုခုမှာ ဆက်နွှယ်ပတ်သက်ခဲ့ဖူးတာမျိုး ရှိပါလိမ့်မယ်၊ မြန်မာတွေကတော့ ပဋ္ဌာန်းဆက်ခေါ်တာမျိုးပေါ့၊ ဒါကြောင့်လာပြီး သတိပေးတာဖြစ်လိမ့်မယ်"

"တံခါးကို ဆေးနီတွေနဲ့ ပက်တာကရော"

"အဲဒါက ယတြာချေနည်းတစ်မျိုးပေါ့၊ မကြာခင် ဒီကိစ္စမှာ သွေးစွန်းတဲ့ အဖြစ်အပျက်တွေ ကြုံရတော့မယ်ဆိုတာ သိနေလို့ပေါ့၊ ဒါပေမယ့် အရာမရောက်ပါဘူး၊ အဖေကလည်း အမေ့ကို အဲဒီဆေးနီတွေ ပျောက်ကုန်အောင် ချက်ချင်းဆေးကြောပစ်ခိုင်းတယ်၊ အဲဒီလိုနဲ့ ကြေကွဲစရာအဖြစ်ကြီးဟာ တားဆီးမရပဲ ဖြစ်ပေါ်လာခဲ့တော့တာပဲ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်အေးချမ်းကာ ကြီးမားသော ရာဇဝတ်မှုပင် ဖြစ်ပွားလေ့မရှိသော ဤမြို့ကလေးအတွက် ရထားနှင့်ကားတိုက်မှုမှာ ထိတ်လန့်ခြောက်ခြားဖွယ် ကောင်းလှသည့် ဖြစ်ရပ်ဆိုးကြီးတစ်ခုပင် ဖြစ်နေလေတော့သည်။

ဤရထားတိုက်မှုကြီးကြောင့် ကျောင်းကားပေါ်မှ လူမမယ် ကလေးရှစ်ယောက်နှင့်အတူ ကားမောင်းသူပါ သေဆုံးခဲ့သည်။ သေဆုံးသူထဲတွင် ဘူတာရုံပိုင်၏သမီးလေး ဖြူဖြူကိုယ်တိုင်ပါဝင်သွားသော်လည်း၊ မြို့လူထုကြီးသည် ငဲ့ကွက်မှုမရှိဘဲ ရုံပိုင်ကိုအောင်သင်းအပေါ်သာ အပြစ်ဖို့လျက်ရှိ၏။

ထိုမနက်စောစောတွင်မူ နှင်းတွေက တော်တော်အူထူထဲထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်နေ၏။ တံခါးစောင့်ကိုသန်းထွန်းက အရက်မူးမူးနှင့် အိပ်ပျော်နေ၏။ ဒါကြောင့် အချိန်တန်ပါလျက် သံလမ်းဖြတ်ကူးတံခါးကို မပိတ်နိုင်ခဲ့။ ဘာပဲဖြစ်ဖြစ် အပြစ်အားလုံးက ရှံပိုင်လေးကိုအောင်သင်းအပေါ်သာ ပုံကျခဲ့၏။ ကိုအောင်သင်းသည် လူကောင်းတစ်ယောက်မှန်း သူတို့သိကြ၏။ သို့သော် ကလေးတွေ ဒီလောက်ထိခိုက်မိသည့်အတွက် ခွင့်မလွှတ်နိုင်။

ကိုထွန်းသန်းကို အလုပ်က ထုတ်ပစ်လိုက်၏။ ကိုအောင်သင်းကို ဖဲဝေးလံသီခေါင်သော တောဘူတာရုံကလေးတစ်ခုသို့ အပြစ်ဒဏ်ပေးသည့်အနေဖြင့် ပြောင်းရွှေ့ရန် အမိန့်ထုတ်လိုက်၏။ ကိုအောင်သင်းမှာ တစ်သက်လုံး သူကြိုးစားလာခဲ့သည့် အလုပ်ဂုဏ်ကို ထိခိုက်ခံရတာက တစ်ကြောင်း၊ သူ့သမီးဖြူဖြူ သေဆုံးရတာက တစ်ကြောင်းမို့ တော်တော်ပင် ကြေကွဲခံစားနေရသည်။ သို့သော် လူတွေက ညာတာသနားမှု ကင်းမဲ့နေလေသလားမသိ။

ထိုကွယ်လွန်သူကိုးယောက်အတွက် ရက်လည်ဆွမ်းသွတ်သောညတွင် လူအများစုဝေးရောက်ရှိလာကြကာ ဦးအောင်သင်းအိမ်ကို ခဲနှင့်ပစ်ပေါက်ကြသည်။ အဖေက အိမ်ရှေ့ထွက်ကာ ဖျင်းပြဖို့ကြိုးစားသော်လည်း မရ။ အဖေ့ကိုပါ ခဲနှင့်ဝိုင်းပေါက်ကြသဖြင့် အိမ်ထဲပြန်ဝင်လာခဲ့ရသည်။ ထိုညကအဖြစ်ကို မူမူတစ်သက်မမေ့။

ထိုညကမူမူသည် ကြောက်ရွံ့စိတ်ဖြင့် ကုတင်အောက်ဆင်း

www.burmeseclassic.com



ကာ ပုန်းနေရသည်။ လူတွေပြန်သွားကာ ဆူညံသံတိတ်တော့မှ ကုတင်အောက်က ထွက်လာရ၏။ ဧည့်ခန်းထဲတွင်မူ သူ့အဖေသည် စိတ်ပျက်လက်ပျက် ထိုင်၍နေသည်။ ခဲမှန်သဖြင့် ပေါက်သွားသော သူ့အဖေခေါင်းကို အမေက ဆေးကြောကာ ဆေးထည့်ပေးနေ၏။ ဆေးထည့်ပေးရင်း အမေမျက်ရည်တွေ တတွေတွေကျနေတာ တွေ့ရသည်။ ခဲမှန်ထားသဖြင့် မှန်ပြတင်းများမှာ ကွဲရှနေ၏။ ဧည့်ခန်းထဲမှ အလှပန်းအိုးတချို့လည်း ကွဲနေ၏။ ပြီးတော့ ကြမ်းပြင်ပေါ်တွင် အပြင်မှပေါက်သောခဲတွေ ပြန့်ကျဲ၍နေလေသည်။

ထိုညက ကြောက်ကြောက်လန့်လန့်နှင့် အိပ်ခဲ့ရသည်။ မနက်မိုးလင်းသောအခါ အမေ၏ ကြောက်လန့်တကြား အော်သံကြောင့် သူလန့်နိုးလာသည်။ အသံလာရာအခန်းကို ပြေးသွားကြည့်တော့ အခန်းထဲတွင် အဖေ့ခန္ဓာကိုယ်သည် လေထဲ၌ တွဲလောင်းဖြစ်နေသည်ကို တွေ့ရသည်။ စိတ်ဒုက္ခဒဏ်ကို မခံစားနိုင်သော အဖေက ဆွဲကြိုးချကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်း ဖြစ်သည်။

ဤနောက်ပိုင်းတွင်မူ သူတို့သားအမိနှစ်ယောက် ကြုံခဲ့ရတာက ပြင်းထန်လွန်းသော လောကဓံပင် ဖြစ်သည်။ သူတို့သားအမိနှစ်ဦးကို မြို့ကဝိုင်းပယ်ထားခဲ့ကြသည်။ ဘယ်သူမှ ဆေးဖော်ကြောဖက်မလုပ်ကြ။

အလျှုအတန်းရှိလျှင်လည်း မဖိတ်။ တချို့ဆိုင်တွေက ဈေး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လျှင်ပင်မရောင်းဘဲ နှင်ထုတ်ကြသည်။ တကယ်လို့ သူ့အဖေက အပြစ်ရှိနေသည်ဆိုလျှင်တောင် အပြစ်မရှိသော သူတို့သားအမိကို ဒီလိုမဆက်ဆံသင့်။ နောက်ဆုံးတော့ နန်းခမ်းလူသည် ဤမြို့တွင် ဆက်နေထိုင်နိုင်ခြင်း မရှိတော့။ သူ့သမီးအကြီး မူမူကို လက်ဆွဲကာ ထိုမြို့မှ ကျောခိုင်းထွက်ခွာလာခဲ့သည်။ တခြားအရပ်တွင် အတိတ်က သူတို့အကြောင်းကို ဖေါ်ထုတ်မည့်သူမရှိသော်လည်း အမေသည် စိတ်အေးချမ်းသာ မနေနိုင်ရှာ။ ဆိုးဝါးစွာ ကွယ်လွန်သွားကြသော ခင်ပွန်းသည်နှင့် သမီးကလေး၏ အဖြစ်ကိုတွေးမိတိုင်း တနုံ့နုံ့ကြေကွဲ ခံစားနေရဟန်တူသည်။ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ သုံးနှစ်လောက် ခံနေသောအခါ ကွယ်လွန်သွားပြန်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

တကယ့်ကို ရင်ကိုထိခိုက်လောက်အောင်ပင် ကြေကွဲစရာကောင်းလှသည့်ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်လေသည်။ နားထောင်ရင်းပင် ချိုချိုသင်း၏မျက်လုံးအိမ်ဝယ် မျက်ရည်ဥတို့ စုဝေးလာ၏။ ဒေါ်မူမူက . . .

"အရွယ်မရောက်သေးတဲ့ ငါဟာ တစ်ကိုယ်တည်း တော်တော်ဆင်းရဲပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရတယ်၊ အခုတော့ ဒီကိစ္စတွေဟာ အနှစ်သုံးဆယ်ကြာခဲ့ပါပြီ၊ လွန်ခဲ့တဲ့နှစ်ကတော့ ငါ့မှာ ထူးထူးခြားခြားခံစားမှုတွေ ဝင်လာခဲ့တယ်၊ တို့ငယ်ငယ်ကနေခဲ့တဲ့ ဒီအိမ်မှာ ပြန်အခြေချနေထိုင်ချင်တာပဲ၊ အခုတော့ လူတွေလည်း ဒီကိစ္စကို မေ့လောက်ပြီထင်လို့ ပြန်လာပြီး နေထိုင်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ့် စိတ်ထဲမှာ အခုရော ဘယ်လိုခံစားရသလဲ"

"ငယ်ငယ်တုန်းကနဲ့တော့ မတူဘူးပေါ့၊ မိသားစုလေးယောက် အနက် သုံးယောက်က သေပြီ၊ တစ်ဦးတည်း ရှင်ကျန်နေတဲ့ ငါ့ဘဝ ကလည်း ရှင်လျက်နဲ့သေဆုံးနေတာနဲ့ ဘာမှမခြားပါဘူး၊ ဒါကြောင့် ဒီအိမ်ကြီးကလည်း သုသာန်တစပြင်နဲ့ ဘာမှမခြားပါဘူး၊ လောကမှာ လူသေတွေမှ သုသာန်မှာနေထိုင်ကြတာ မဟုတ်ပါဘူး၊ ရှင်တဲ့သူတွေ နေတဲ့ သုသာန်လည်းရှိတယ်၊ ဒါကြောင့် ဒီအိမ်ကြီးကို ငါကတော့ လူရှင်သုသာန်လို့ နာမည်ပေးထားတယ်၊ ဘယ်နှယ့်လဲ သဘောကျရဲ့ လား"

"လူရှင်သုသာန် . . ."

ချိုချိုသင်းက စိတ်ထဲက ရေရွတ်လိုက်၏။ ခြောက်ခြားစရာ ကောင်းလှသော နာမည်။ သို့သော် လိုက်ဖက်လှသည်ဟုတော့ ထင် မိသည်။ ဒေါ်မူမူ့ဘဝကလည်း ရှင်လျက်နှင့် သေဆုံးနေတာနှင့် မခြား၊ ဒီတော့ သူနေတဲ့အိမ်ကလည်း လူရှင်သုသာန်ပေါ့ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* သူနှင့် မျက်နှာချင်းဆိုင်ရောက်သောအခါ ကျော်မင်းလွင်၏ မျက်လုံးတွေက ပွင့်လာ၏။ နဂိုမျက်လုံးတွေ မဟုတ်။ ပြူးစက်ကာ အနီရောင်တောက်ပနေသော မျက်လုံးများ။

## (၁၀) အုတ်ဂူပေါ်မှ ချောကလက်

www.burmeseclassic.com

www.burmeseclassic.com

## (၁၀) အုတ်ဂူပေါ်မှ ချောကလက်

ကက်နက် မြေကျသောနေ့။

ကက်နက်အသုဘကို သူတို့လိုက်ပို့ကြသည်။ ကက်နက် သေဆုံးရတာက ဘာပဲပြောပြော သူတို့ယောဂမကင်းသလို ဖြစ်နေသည်။ အကယ်၍ အလောင်းအစားသာ မလုပ်ခဲ့လျှင် ကက်နက်လည်း သေဆုံးစရာမရှိ။

သချိုင်းကလေးကား တော်တော်ပင် သေသေသပ်သပ် လှလှပပရှိလေရာ၊ ခရစ်ယာန်သချိုင်းကလေးနှင့်ပင် တူ၍နေလေသည်၊ အုတ်ဂူကလေးတွေက အစီအရီ။ ဆေးဖြူများ သုတ်ထားသည်၊ မြက်ခင်းစိမ်းစိမ်းနှင့် အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင် ငြိမ်သက်စွာ လှဲလျောင်းနေကြသူများ။ ကွန်ကရင်မိမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်မှာတော့ ပန်းပင်ကလေးတွေက အပွင့်အဖူးဝေဝေဆာဆာနှင့်။ ကက်နက်အဖေက မြို့မျက်နှာဖုံးလွှတ်တော်အမတ်မို့ လူပိုစည်နေလေသလားမသိ။

ညိုညိုဝင်းရယ်၊ ချိုချိုသင်းရယ်၊ ထက်ထွန်းရယ် ရှိရာသို့ ရဲအုပ်ဦးရဲလွင်က လျှောက်လာကာ . . .

"ကောင်လေးတွေ ကောင်မလေးတွေ အေးအေးချမ်းချမ်းပဲ လားဟေ့"

ဟု အကဲခတ်သလိုကြည့်ရင်း နှုတ်ဆက်သည်။ ထက်ထွန်းက . . .

"ကောင်းပါတယ် ရဲအုပ်ကြီး"

"အေး . . . ကောင်းကောင်းနေကြကွာ၊ ငါ့အတွက်တစ်ပူပေါ် နှစ်ပူဆင့်အောင်တော့ မလုပ်ကြနဲ့၊ သေတာက တစ်မှု၊ မသေပဲ ပျောက်နေတာက တစ်မှု၊ ခင်စိုးလှိုင်ကိစ္စ မင်းတို့ဘာများ သတင်းရသေးလဲ"

ဟု စကားအစ်၏။ သူတို့ထဲတွင် သွက်သွက်လက်လက်ရှိသည့် ညိုညိုဝင်းက . . .

"ဘာသတင်းရရမှာလဲ၊ ဒါက ဦးရဲအုပ်ကြီးရဲ့အလုပ်ပဲ၊ ကျွန်မတို့ကတောင် သိချင်လို့ ဦးရဲအုပ်ကြီးကို မေးမလို့"

"ဒီကောင်မလေး . . . လင်နောက်လိုက်သွားတာများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမလား"

"ကျွန်မကတော့ ကက်နက်လိုပဲ သရဲအသတ်ခံရတယ် ထင်တာပဲ"

ဟုချိုချိုသင်းက ပြောလိုက်၏။ ရဲအုပ်ကြီးက ပြာပြာသလဲ-

"နေပါဦး . . . ကက်နက်သေတာ သရဲသတ်လို့လို့ ဘယ်သူက ပြောတာလဲ"

"ဒီလိုပဲ တစ်မြို့လုံးပြောနေကြတာပဲ၊ ဦးထွန်းသန်းဆိုတဲ့ လူကြီးက အဲဒီတုန်းက . . . မည်းမည်းအကောင်ကြီး တစ်ကောင် မြင်လိုက်တယ်ဆို"

ဦးရဲလွင်က စိတ်ပျက်သောလေသံဖြင့် . . .

"ခက်တာပဲ၊ ဒီလူကြီးက မူးမူးရူးရူးနဲ့ ထင်တာမြင်တာတွေ လျှောက်ပြောနေတာ၊ အဲဒါကို လူတွေက အဟုတ်မှတ်ရလား။ မင်းတို့ပြောတဲ့အတိုင်းဆို ဒီအမှုက ငါမကိုင်ပဲ ပယောဂဆရာ ပြောင်းကိုင်ရမယ်"

သူတို့စကားပြောနေစဉ် အနားက ချိုချိုသင်းခွာလာခဲ့သည်၊ သူကသင်္ချိုင်းထဲတွင် တစ်စုံတစ်ရာကို လိုက်လံရှာဖွေကြည့်နေ၏၊ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က ဖြစ်ပျက်ခဲ့သော ဦးဇော်အောင်နှင့် ဖြူဖြူတို့၏ အုတ်ဂူများ။ တစ်ဘက်စွန်းတွင် အုတ်ဂူအဟောင်းများရှိ၏။ တချို့ကပြိုပျက်ကာ တချို့က ရေညှိတက်လျက်ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာတော့မရှာလိုက်ရ။ အုတ်ဂူလေးနှစ်ခုကို ယှဉ်လျက်တွေ့ရ၏။ အုတ်ဂူကြီးကြီးက ဦးဇော်အောင်။ အုတ်ဂူသေးသေးက ဖြူဖြူ။ သားအဖနှစ်ယောက် အတူတူလဲလျောင်းနေကြသည်။

ဖြူဖြူ၏အုတ်ဂူပေါ်တွင် တင်ထားသော အရာကလေးတစ်ခုကို တွေ့လိုက်ရတော့ ချိုချိုသင်းအံ့အားသင့်သွား၏။ ချောကလက်ကလေးတစ်ခု။ တစ်ခါက သူ့ကားကိုတားကာ ကားကြုံစီးစဉ် သူပေးလိုက်သည့် ချောကလက်ကလေး။ ဒီချောကလက်ကလေးကို ပြန်တွေ့နေရတာက ထူးဆန်းသလိုရှိ၏။

ခတ်လှမ်းလှမ်းက သစ်ပင်အောက်မှာ သူ့ရှိရာကို ငေးကြည့်နေသည့် ဂါဝန်ဖြူဖြူနှင့်ကောင်မလေးကို တွေ့လိုက်ရသည်။ ချိုချိုသင်းက ကောင်းကောင်းမှတ်မိသည်။ သူနဲ့တွေ့တိုင်းဝတ်ထားတဲ့ဂါဝန်။ ခါတ်ပုံထဲတွင် သူဝတ်ထားသည့်ဂါဝန်။ နောက် . . . သူကွယ်လွန်စဉ်က ဝတ်ထားခဲ့ပုံရသော ဂါဝန် . . . ။

"ချိုချို ပြန်ကြမယ်လေ၊ ဘာတွေငေးနေတာလဲ"

သူ့နားကို ထက်ထွန်းက ရောက်လာကာ ပြောလိုက်သည်။ ဟုတ်သည်။ သင်္ချိုင်းထဲမှ လူတချို့က ပြန်လည်ထွက်ခွာစပြုနေကြလေပြီ။

"ဪ . . . ကောင်မလေးကို တွေ့လိုက်လို့"

"ဘယ်ကောင်မလေးလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြူလေ၊ ဟိုမှာ . . ."

ချိုချိုသင်းက သူတွေ့ခဲ့သော သစ်ပင်အောက်ကို လက်ညှိုးထိုးပြလိုက်သည်။ သို့သော် သစ်ပင်အောက်တွင် ဘယ်သူမှ ရှိမနေတော့။ ထက်ထွန်းက ပုခုံးတွန့်ပြလိုက်သည်။ ဘာမှမရှိပဲ ချိုချိုသင်း မြင်ချင်ရာမြင်နေခြင်းဟု ထင်သွားပုံရ၏။ နာနာဘာဝတို့သည် ယုတ်ညံ့သော ဇတ်အမျိုးအနွယ်ဟု ဆိုနိုင်သော်လည်း၊ ကိုယ်ဖျောက်နိုင်သော ကမ္မဇဒ္ဓိတန်ခိုးရှိနေတာကတော့ လူတွေထက်သာနေတာ အမှန်ပင် ဖြစ်၏။

သူတို့ ရပ်ထားသော ကားဆီပြန်လျှောက်လာရင်း ထက်ထွန်းက . . .

"မင်း ညကျရင်အားလား"

"အမှန်တော့ အချိန်မရွေးအားနေတယ်လို့တောင် ပြောလို့ရတာယ်၊ ကိုထက်ထွန်းက ဘာပြောချင်လို့လဲ"

"ဒီလိုလေ . . . မင်းကို ငါညစာကျွေးပါရစေလို့ ခွင့်တောင်းမလို့"

အခုမှ သူကို ဒိတ်လုပ်နေကြောင်း ရိပ်မိလိုက်၏၊ အပြင်ကို ညစာထွက်စားရရင်လည်း မဆိုးပါဘူး။ အိမ်ထဲအောင်းနေရင်း တောင်တွေးမြောက်တွေး တွေးနေတာထက်စာရင် ကောင်းပါလိမ့်ဦးမယ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ချို တစ်ယောက်တည်းလား"

ဟုမေးလိုက်၏။ ထက်ထွန်းက လက်လျှော့လိုက်ဟန်တူသည်။

"ဘာလဲ . . . ညိုညိုပါမှ လိုက်မှာလား"

"သူတစ်ယောက်တည်းထားခဲ့လို့ မကောင်းဘူးလေ"

"ကောင်းပြီလေ၊ ခေါ်ခဲ့ပေါ့"

ညိုညိုဝင်းက ကားနားမှာ ရပ်စောင့်နေ၏။

"ဒါဆို နောက်မှတွေ့မယ်"

ထက်ထွန်းက နှုတ်ဆက်ကာ သူ့ကားပေါ် တက်၍ မောင်း ထွက်သွား၏။ ချိုချိုသင်းက ညိုညိုဝင်းအားကြည့်ကာ . . .

"ငါ ကားမမောင်းချင်ဘူး၊ နင်မောင်း"

ဟုအမိန့်ပေးလိုက်ပြီး ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်၏။ ညိုညိုဝင်းက ကားမောင်းလာရင်း . . .

"နင့်ကို ထက်ထွန်း ဘာတွေပြောနေတာလဲ"

"ညစာစားဖို့ ဖိတ်နေတာ"

"တကယ်လား"

"တကယ်ပေါ့"

"နင်သွားမှာလား"

"နင်လိုက်မယ်ဆို သွားမယ်"

ညိုညိုဝင်းက မယုံသလို . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုပါ ဖိတ်လို့လား"

မေးတော့ ချိုချိုသင်းက ခေါင်းညိတ်ပြလိုက်လေသည်၊

* * * *



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ လူမောစိတ်မောနှင့် အိပ်ပျော်သွားသည်။ ဒီအိပ်မက်ကို မမက်တာကြာပြီ။ ဘာကြောင့် အခုမှလာမက်ရတာလဲ။

ရေက အေးစက်သည်နှင့်အမျှ နက်မှောင်နေသည်။ ကျော်မင်းလွင်က ရေအောက်ကို လက်နှစ်ဖက်မြှောက်ကာ တစ်စထက်တစ်စ ကျ၍သွားသည်။ သူ လုံးဝမကူးခတ်တော့။ အသိကင်းမဲ့နေသူလို မျက်လုံးတွေမှိတ်လျက်။ ချိုချိုသင်းက ကျော်မင်းလွင်ဆီကူးလာကာ၊ ရေပေါ်ကို လက်နှစ်ဖက်ဆွဲတင်ဖို့ ကြိုးစား၏။ သို့သော် ကျော်မင်းလွင်၏ ခန္ဓာကိုယ်က လေးလံလွန်းလှသည်။ ဘယ်လိုမှ ဆွဲတင်လို့မရ။ ကျော်မင်းလွင်၏ခန္ဓာကိုယ်နှင့်အတူ သူပါ ရေအောက်



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းရာကို ပါ၍သွားသည်။ သူ့အသက်ကို ဆက်အောင့်မထားနိုင်။ ရေပေါ်ပြန်တက်ရန် ကျော်မင်းလွင်၏လက်တွေကို လွှတ်လိုက်၏။ ဒီတစ်ခါတော့ ကျော်မင်းလွင်၏ လက်တွေက သူ့လက်တွေကို ပြန်ဆုပ်တွယ်ထားသည်။ ဘယ်လိုမှ ရုန်းဖယ်လို့ မရသောကိစ္စ။ သူရုန်းလေ တင်းတင်းကြပ်ကြပ် ဆုတ်တွယ်ထားလေ။

သူတို့ဘေးတွင် ကြီးမားသော ငါးကြီးတွေ ကူးခတ်နေ၏။ ငါးကြီးတွေက ငါးခန္ဓာကိုယ်နှင့် လူ့ဦးခေါင်းတွေ ဖြစ်နေသည်။ သူတို့ ပါးစပ်တွေကို ဖြလိုက်သောအခါ သွေးစုတ်ဖုတ်ကောင်တွေလို ချွန်ထက်သော အစွယ်တွေ အဖွေးသားပေါ်လာ၏။

"လွှတ် . . . လွှတ် . . . ကျွန်မကိုလွှတ်"

သို့သော် ကျော်မင်းလွင်က သူ့အနားကို ဆွဲယူသွား၏။ သူနှင့်မျက်နှာချင်းဆိုင် ရောက်သောအခါ ကျော်မင်းလွင်၏မျက်လုံးတွေက ရုတ်တရက်ပွင့်လာသည်။ နဂိုမျက်လုံးတွေမဟုတ်။ ပြူးစက်ကာ အနီရောင်တောက်ပနေသော မျက်လုံးများ။

"ချိုချို . . . ထတော့လေ . . . ထတော့"

သူ့ကို ညီမဖြစ်သူညိုညိုဝင်းက လှုပ်နှိုးတော့မှ ချိုချိုသင်း အိပ်ယာက နိုးလာသည်။ ညိုညိုဝင်းက . . .

"နင်ဘယ်လိုဖြစ်တာလဲ၊ လူတစ်ကိုယ်လုံး တွန့်လိမ်နေတာပဲ။ ငါတောင် မနည်းနှိုးရတယ်၊ ဘာလဲ . . . အိပ်မက်ဆိုးတွေ မက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား"

"ဟုတ်တယ် . . . ငါ အိပ်မက်ဆိုးတွေမက်နေတာ၊ ငါ့ဆီကို ကိုကျော်မင်းလွင် ရောက်လာတယ်၊ ငါဒီအိပ်မက် မမက်တာကြာပြီ"

"နင်စိတ်စွဲလမ်းလို့ နေမှာပေါ့၊ ထတော့ . . . ငါတို့ကို ထက်ထွန်းက ညစာစားဖို့ ဖိတ်ထားတယ်မဟုတ်လား၊ အခုငါးနာရီတောင် ခွဲနေပြီ၊ မြန်မြန်ပြင်ဆင်တော့"

ဒီတော့မှ ချိုချိုသင်းသတိရလာ၏။ ဟုတ်သားပဲ။ သူတို့ ညီအစ်မကို မြို့ထဲက အကောင်းဆုံးဟော်တယ်တစ်ခုမှာ ဧည့်ခံမယ်လို့ဖိတ်ထားတာပဲ။ ညိုညိုဝင်းက အခန်းထဲက ထွက်သွားတော့မည်ပြုပြီးမှ ကြမ်းပြင်တစ်နေရာကို ငုံ့ကြည့်ကာ . . .

"ဒီနေရာက ရေကွက်ကြီးက ဘာဖြစ်တာလဲ၊ သောက်ရေမှောက်တာလား"

ဒီတော့မှ ချိုချိုသင်း ကုတင်ပေါ်က ဆင်းကာကြည့်လိုက်သည်။ ကုတင်ဘေးတွင် အတော်ပင်ကြီးမားသော ရေကွက်ကြီးတစ်ကွက်ရှိနေသည်။ မိုးမရွာသဖြင့် ခေါင်မိုးမှမိုးရေယိုခြင်းလည်း မဖြစ်နိုင်။ မှောက်ရအောင် အခန်းထဲတွင် သောက်ရေခွက်၊ သောက်ရေခိုင့်လည်း မရှိ။

ချိုချိုသင်းက ပြောလိုက်သည်။

"ဒါဆို သူရောက်လာတာ သေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ . . ."

"ကိုကျော်မင်းလွင်လေ . . နင်သိတယ်မဟုတ်လား၊ သူက ရေနစ်သေတယ်ဆိုတာ၊ အဲခုသူလာလို့ သူ့ခန္ဓာကိုယ်က ရေတွေစီး ကျန်ခဲ့တာဖြစ်မယ်"

ပြောရင်း ချိုချိုသင်း အထိတ်တလန့်ဖြစ်သွား၏။ သို့သော် ညိုညိုဝင်းက မယုံသလိုရယ်လိုက်ကာ . . .

"ကြောင်သေးပေါက်သွားတာ နေမှာပါ"

"တို့အိမ်မှာ ကြောင်မှမရှိဘဲ"

"တခြားအိမ်က ကြောင်တွေ ဝင်ထွက်နေတာပဲ ချိုချိုရဲ့ ကဲ . . . ပြင်တော့ အပိုတွေပြောမနေနဲ့"

ညိုညိုဝင်းထွက်သွားတော့ သူလည်း အမြန်ပြင်ဆင်ရလေသည်။ ပြင်ဆင်ပြီးတော့ ခြောက်နာရီထိုးတော့မည်။ ညိုညိုဝင်းက ကားကို အမြန်မောင်းသွား၏။ ချိုချိုသင်းက . . .

"ဖြည်းဖြည်းမောင်းပါ ညိုညိုရယ်၊ အန္တရာယ်များပါတယ်"

"တစ်ဘက်က စောင့်နေတဲ့လူကို အားနာလို့"

ဆိုင်ကိုရောက်သွားတော့ အသင့်စောင့်ကြိုနေသော ထက်ထွန်းကို တွေ့ရသည်။ ချိုချိုသင်းက . . .

"နောက်ကျသွားလို့ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ မိန်းမတွေအလှပြင်ရင် ကြာတတ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိထားပါတယ်"

ထက်ထွန်းက သူတို့ကို စိတ်ကြိုက်အစားအစာတွေ မှာကျွေးသည်။ ရန်ကုန်မှာနေလာကတည်းက ချိုချိုသင်းက တရုတ်အစားအစာကြိုက်သည်။ ဒီရောက်မှ တရုတ်စာကောင်းကောင်းမစားရသေး။ ညိုညိုဝင်းကတော့ သိပ်မစားဖူးသော အစားအစာများဖြစ်နေသဖြင့် အားရပါးရစားလေသည်။ တကယ်တော့ ချိုချိုသင်းအတွက် ထက်ထွန်းက စိတ်ပြေလက်ပျောက်ဖန်တီးပေးသော ညစာစားပွဲပင်ဖြစ်သည်။ ချိုချိုသင်းနှင့်အတူ ထမင်းစားရင်း ရယ်စရာ၊ မောစရာစကားတွေ ပြော၏။ သို့သော် ချိုချိုသင်းက ဟက်ဟက်ပက်ပက်ရယ်မောတာ မတွေ့ရ။

ညစာစားပြီး၍ ကော်ဖီသောက်နေကြခိုက် ချိုချိုသင်းက အတန်ကြာတိတ်ဆိတ်နေလေရာ . . .

"မင်းဘာတွေစဉ်းစားနေတာလဲ . . . ချိုချို"

ဟုထက်ထွန်းက မေးလိုက်၏။ ချိုချိုသင်းက . . .

"မေးနေစရာ လိုသေးလား၊ ကက်နက်ကို ဘယ်သူသတ်သလဲလို့ပေါ့"

ဟုဖြေလိုက်၏။ ထက်ထွန်းက လက်မလျှော့လိုက်သည်။

ချိုချိုသင်းက . . .

"ကျွန်မအာရုံထဲက ဒီကိစ္စကို ဘယ်လိုလုပ်ပြီး လွယ်လွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com


ဖျောက်ဖျက်ပစ်လို့ရပါ့မလဲ၊ ပြီးတော့ ကျွန်မခဏခဏ ဖြူဖြူကို တွေ့နေရတယ်"

"ဖြူဖြူဆိုတာ ဘယ်သူလဲ . . ."

ညိုညိုဝင်းက မေးလိုက်သည်။ ချိုချိုသင်းက . . .

"ရထားတိုက်လို့ ကွယ်လွန်သွားတဲ့ ကလေးတွေထဲက တစ်ယောက်ပေါ့၊ သူက ဘူတာရုံပိုင်ကြီးရဲ့သမီးလေ"

ညိုညိုဝင်းက တအံ့တဩ . . .

"နင်က ဒါတွေ ဘယ်လိုလုပ်သိနေတာလဲ"

ဒီတော့ ချိုချိုသင်းက သူသိခဲ့ရသမျှ သူတို့ကို ပြန်ပြောပြလိုက်သည်။ ဤမြို့ကအိမ်ဟောင်းကြီးတွင်ရောက်နေသည့် ဒေါ်မူမူဆိုသော မိန်းမကြီးအကြောင်းပါမကျန်။

ထက်တွန်းက . . .

"အဲဒီအိမ်မှာ လူသစ်ရောက်နေတယ်ဆိုတာတော့ တချို့ကသိကြတယ်၊ ဒါပေမယ့် သူက အပြင်လည်း သိပ်မထွက်ဘူး၊ ပတ်ဝန်းကျင်နဲ့လည်း မဆက်ဆံဘူးဆိုတော့ ဘူတာရုံပိုင်ကြီးရဲ့ အဆက်အနွယ်လို့တော့ ဘယ်သူမှမသိကြဘူး"

"သူ့ဘဝကတကယ်တော့ ကြေကွဲစရာလည်းကောင်း၊ သနားစရာလည်း ကောင်းပါတယ်၊ အင်မတန်လည်း အထီးကျန်တယ်၊ ဘာစိုးရိမ်စိတ်မှ စားမရတာက ဖြူဖြူက ဘာလို့ ငါ့ကိုခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထင်ပြနေလဲဆိုတာပဲ၊ တစ္ဆေသရဲတွေဆိုတာက သူတို့အကြောင်း တစ်စုံတစ်ရာရှိမှသာ ကိုယ်ထင်ပြလေ့ရှိကြတယ်၊ တစ်ခုခုအသိပေးချင်တာ အကူအညီ တောင်းချင်တာမျိုးပေါ့"

အားလုံးပင် ကူညီစဉ်းစားပေးသော်လည်း အဖြေမပေါ်။ ထက်ထွန်းက . . .

"ဒါဆို ငါတို့ဦးထွန်းသန်းကြီးဆီသွားပြီး အကူအညီတောင်းရင် မကောင်းဘူးလား"

ဟုအကြံပေးလိုက်၏။ ချိုချိုသင်းက . . .

"ငါလည်း ဒါပဲစဉ်းစားမိတယ်၊ သူက ဒီကိစ္စမှာ အစကနေရာက ပါဝင်ခဲ့တဲ့သူ၊ ကက်နက်သေတဲ့ ညကလည်း မည်းမည်းအကောင်ကြီးကို မြင်လိုက်တယ်တဲ့၊ သူ့ကိုသွားမေးကြည့်ရင် ကောင်းမယ်"

"သူနေတဲ့နေရာ သိလို့လား"

ညိုညိုဝင်းက မေးလိုက်၏။

"မခက်ပါဘူး၊ သူက ဘုတာရုံဟောင်းအနောက်က တဲပျက်ကြီးထဲမှာ နေတာပဲ၊ တို့အခုပဲ သွားလိုက်ကြရအောင်"

ထက်ထွန်းက ပြောလိုက်၏။ သူတို့က လူငယ်တွေပီပီ စိတ်မြန်လက်မြန်ရှိကြသည်။ ကားနှစ်စီးနှင့် ဘူတာရုံပျက်ဆီထွက်ခဲ့ကြ၏။ ညက အတော်ပင်မှောင်မိုက်နေသည်။ ထိုဘူတာရုံ ဧရိယာတွင် လူအသွားအလာနည်းသဖြင့် ခြောက်ကပ်တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်လုံး ရထားတွဲပျက်ကြီးရှိရာသို့ လျှောက်လာခဲ့ကြသည်။ ညိုညိုဝင်းက တစိမ့်စိမ့်ကြောက်လန့်လာကာ . . .

"ငါတော့ စိတ်ထဲမှာတစ်မျိုးကြီးပဲ၊ တို့မသွားတာကောင်းမယ်ထင်တယ်"

ဟုဟန့်တား၏။ ချိုချိုသင်းက . . .

"ဘာလို့မသွားရမှာလဲ၊ တို့ဒီတောင်ရောက်လာပြီပဲ၊ ဒီလူကြီးနဲ့တွေ့ပြီး မေးချင်မေးပြီး ပြန်ကြတာပေါ့၊ နင်ကြောက်ရင် ကားနားမှာနေခဲ့"

ဒီလိုကျတော့လည်း မနေရဲ။ တစ်ယောက်တည်းနေခဲ့ရတာက ပိုကြောက်ဖို့ကောင်းနေသည်။ ရထားတွဲပျက်ဆီမှ မီးရောင်မြင်ရသဖြင့် ဦးထွန်းသန်းကြီးရှိနေမှာ သေချာသည်။ အနားရောက်သွား၍ ကြည့်လိုက်သောအခါ ကုတင်စုတ်ပေါ်တွင် ဝက်လက်ကလေးအိပ်နေသော ဦးထွန်းသန်းကို တွေ့ရလေသည်။

"ဦးထွန်းသန်း . . . ဦးထွန်းသန်း . . . ထပါဦး၊ ကျွန်တော်တို့ပါ"

ဟုနှိုးသော်လည်း တုတ်တုတ်မှမလှုပ်။ ချိုချိုသင်းက . . .

"အမူးလွန်နေတာ ထင်တယ်"

ဟုမှတ်ချက်ချ၏။ ထက်ထွန်းက စိတ်မရှည်သလို ဦးထွန်းသန်းကို ဆွဲဆောင့်လိုက်သည်။ ဒီတော့မှ ဦးထွန်းသန်း အသက်မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့ရသည်။ အကျီရင်ဘတ်တွင် ကြီးမားသော သွေးစွန်းနေသည့် ဒဏ်ရာကိုတွေ့ရသည်။ ဤဒဏ်ရာကပင် ဦးထွန်းသန်း၏အသက်ကို နှုတ်ယူသွားဟန်တူလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* "မင်းတို့အတွက်ပြောတာ၊ မင်းတို့ လုပ်နေကြတာတွေက အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲ၊ နောက်တစ်ခါ ငါတွေ့ရမယ့် အလောင်းဟာ မင်းတို့သုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်နေတာ ငါမမြင်ချင်ဘူး"

## (၁၁) လူမည်းကြီးလက်တွင်း သက်ဆင်းရပြီ

www.burmeseclassic.com

www.burmeseclassic.com

## (၁၁) လူမည်းကြီးလက်တွင်း သက်ဆင်းရပြီ

အခုတော့ ဘယ်လိုမှထင်မှတ်မထားဘဲ သူတို့သုံးယောက်သည် ပြဿနာရှာသူတွေ ဖြစ်ရသည်။ ဦးထွန်းသန်းကို သူတို့မသတ်ကြောင်းထင်ရှားသည်။ သတ်စရာအကြောင်း လည်းမရှိ။ သို့သော် ဦးထွန်းသန်းကတော့ သေရှာပြီ။ ထန်းသီးကြွေခိုက်ကျိုးနင်းခိုက်ဟုလည်း ပြောရမည်။ ဦးထွန်းသန်းသေဆုံးနေတာကို စတွေ့သူတွေကသူတို့သုံးယောက်ဖြစ်နေသည်။ အလောင်းကိုတွေ့တွေ့ချင်း ဒါမျိုးမတွေ့ကြုံဖူးသော ညိုညိုဝင်းက အရမ်းကြောက်သွားသည်။

"လာဟေ့ . . တို့တွေ ဒီကအမြန်ဆုံးထွက်ပြေးကြရအောင်"

ဟုညိုညိုဝင်းက တိုက်တွန်း၏။ သို့သော် ထက်ထွန်းက . .

"တို့ ဒီလိုလုပ်လို့မဖြစ်ဘူး၊ တာဝန်သိပြည်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အခုနေနဲ့ ရဲကိုအကြောင်းကြားမှ ကောင်းမယ်"

"ရဲကိုအကြောင်းကြားရင် တို့ကိုစစ်လားမေးလား လုပ်ဦးမှာ ပဲ"

ချိုချိုသင်းက ညည်းသည်။ ဒီလိုကိစ္စမျိုးကြုံလာလျှင် သူ့အဖေက ဆုပ္ပက်ဦးတော့မည်။ ထက်ထွန်းက . . .

"ဆူမယ့်သာဆူပစေဟော့၊ ပြောတော့ပြောရမှာပဲ၊ တို့မှာ ဘာအပြစ်မှမရှိတာ၊ ရဲကမေးရင်လည်း အမှန်အတိုင်းဖြေရုံပေါ့"

လူသတ်မှုတစ်ခုကို မျက်မြင်ကြုံတွေ့နေပါလျက် ဖုံးကွယ်ထားတာ အပြစ်ရှိသည်ဟု ချိုချိုသင်းကလည်း တွေးမိသည်။ ဒါကြောင့် ထက်ထွန်းက ရဲအုပ်ကြီးဦးရဲလွင်ဆီ ဖုန်းဆက်သောအခါ ကန့်ကွက်တားဆီးခြင်းမပြုပဲ နေလိုက်သည်။ မကြာခင် ရဲတွေ၊ ဆေးရုံကားတွေ ရောက်ရှိလာ၏။ ညိုညိုဝင်းက ဖုန်းဆက်သဖြင့် သူတို့မိဘတွေလည်း ရောက်ရှိလာကြ၏။

ရဲအုပ်ကြီးဦးရဲလွင်က သူတို့ကိုတွေ့တော့ . . .

"လုပ်ချလိုက်ပြန်ပြီကွ၊ တစ်မှုတောင် တရားခံမပေါ်သေးဘူး၊ နောက်တစ်မှု တိုးလာပြန်ပြီ၊ မင်းတို့တွေက ဘာဖြစ်လို့ အမြဲလူသတ်မှုတွေနဲ့ ဆက်စပ်နေရတာလဲ"

သူတို့သုံးယောက်ကို ရဲစခန်းခေါ် သွားကာ တစ်ညလုံးလှည့်ပတ် စစ်ဆေးမေးမြန်းနေ၏။ မိုးလင်းကာနီးမှ ပြန်လွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ရဲအုပ်ကြီးက မှာလိုက်သည်။

"မင်းတို့ကို တစ်ခုတော့မှာလိုက်မယ်၊ ရှေ့လျှောက် ဆင်ဆင်ခြင်ခြင်နေထိုင်ကြပါ။ မင်းတို့အတွက် ပြောတာ၊ မင်းတို့လုပ်နေတာတွေက အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲ၊ နောက်တစ်ခါ ငါတွေ့ရမယ့်အလောင်းဟာ မင်းတို့သုံးယောက်ထဲက တစ်ယောက်ယောက်ဖြစ်နေမှာကို၊ ငါမမြင်ချင်ဘူး"

အိမ်ပြန်ရောက်တော့ အဖေက ညီအစ်မနှစ်ယောက်လုံးကို ဆူသည်။

"ဒါက ကလေးကစားစရာကိစ္စလည်း မဟုတ်ဘူး၊ ရုပ်ရှင်ရိုက်နေတာလည်း မဟုတ်ဘူး၊ မင်းတို့ ဗွီဒီယိုသရဲကားတွေကြည့်ပြီး စိတ်ကူးယဉ်မနေကြနဲ့ . . ."

အမေကလည်း မဆူစဖူး ဆူသည်။

"နင်တို့ မီးနဲ့ကစားနေကြတာပဲ၊ အန္တရာယ်အင်မတန်များတယ်၊ ရှေ့မှာပတ်သက်တဲ့သူတွေ သေကုန်တာလည်း နင်တို့အသိပဲ၊ အခုထက်ထိ ခင်စိုးလှိုင်ကိုတောင် ရှာမတွေ့သေးဘူး မဟုတ်လား"

အဖေက . . .

"ဟိုတစ်ခါကိစ္စ ဖြစ်ကတည်းက ချိုချို့ကို ငါက ရန်ကုန်ပြန်ပို့ချင်နေတာ၊ ရဲအုပ်ကြီးက အမှုမှန်မပေါ်မချင်း မပို့ပါနဲ့လို့ တားထားလို့၊ ဒီတစ်ခါတော့ သူ့ကိုတောင်းပန်ပြီး တကယ်ပို့မယ်၊ အငယ်မ



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်သွား၊ ဟိုမှာ စိတ်ပြေလက်ပျောက်နေကြ၊ ဒီမှာအမှုအခင်းတွေ အားလုံးရှင်းလင်းပြီးမှ ပြန်လာချင်ရင်လည်း ပြန်လာ"

ဟု တစ်ချက်လွှတ်အမိန့် ထုတ်နေလေသည်။

ညိုညိုဝင်းကတော့ တော်တော်စိတ်ပျက်နေသည်။ သူက နဂိုကတည်းက လွတ်လွတ်လပ်လပ် သွားလာနေထိုင်တတ်သူ။ အခုလို အချုပ်အချယ်မခံခဲ့စဖူး ချုပ်ချယ်ခံရတော့ နေမထိထိုင်မသာဖြစ်နေသည်။ အစ်မဖြစ်သူကိုပင် အပြစ်တင်ချင်လာ၏။

ချိုချိုသင်းကတော့ လက်မလျှော့။

"ဒီကိစ္စ အဖြစ်မှန်ပေါ်မှဖြစ်မယ်"

"နင်ဘာလုပ်ဦးမလို့လဲ . . ."

ညိုညိုဝင်းက အလန့်တကြားမေး၏။

"တရားခံဘယ်သူလဲ . . . ဖော်ထုတ်ရမယ်လေ"

"တရားခံက သရဲလေ၊ ဒီသရဲကို နင်ဘယ်လိုဖော်ထုတ်မလဲ"

"ငါ့မှာ နည်းလမ်းရှိတယ်"

"ဘာနည်းလမ်းလဲ . . ."

"ကျားဖမ်းချင်ရင် ကျားရှိတဲ့ ဂူထဲဝင်ရတယ်လေ"

ညိုညိုဝင်းက ချိုချိုသင်းအား မိုက်မဲရန်ကောဟူသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ ဒီမိန်းမက လူကြည့်တော့ ရှော့စိပျော့နွဲ့။ စိတ်ဓါတ်ကတော့ တော်တော်မာကျောပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေက တားထားတယ်လေ"

"သူမသိအောင် သွားမှာပေါ့"

"ငါတော့ မလိုက်နိုင်ဘူး"

ညိုညိုဝင်းက တစ်ခေါက်နှင့် သင်ခန်းစာရနေသည်။ မနေ့ညကသာ သူတို့နှင့်အတူပါမသွားလျှင် ပြဿနာဖြစ်စရာမရှိ။

"နင်မလိုက်ချင်ရင်လည်း နေ၊ အဖေ့ကိုသာ အသိပြန်မပေးနဲ့၊ ငါသွားတာ နင်မသိချင်ယောင်ဆောင်နေရင်ရပြီ"

သူနှင့်ဆက်ပြောနေလျှင်လည်း အကျိုးမရှိမှန်း သိသဖြင့် ညိုညိုဝင်းက အခန်းထဲက ထွက်လာခဲ့လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်မှောင်မိုက်သောည . . ။

ချိုချိုသင်းသည် သိပ်ရဲရင့်လှသူတစ်ဦးတော့ မဟုတ်။ သို့သော် မခံချင်စိတ်ဖြင့် လှုပ်ရှားနေသဖြင့် ကြောက်ရလန့်ရကောင်းမှန်း မသိသလိုဖြစ်နေသည်။

သူမောင်းလာသော ကားကလေးကို ရထားလမ်းဆုံပေါ်တွင် ရပ်လိုက်သည်။ သူ့ညီမညိုညိုဝင်းအိပ်နေစဉ် သူအိမ်က ခိုးထွက်လာခဲ့ခြင်း ဖြစ်သည်။ ပထမတော့ လမ်းပေါ်ရောက်လျှင် ထက်ထွန်းကို ဖုန်းဆက်ခေါ်မည်ဟု စိတ်ကူးလိုက်မိသေး၏။ သို့သော် ထက်ထွန်းကရော စိတ်ရောကိုယ်ပါ ကူညီချင်ပါ့မလား။ သူ့မှာလည်း အခက်အခဲရှိပေလိမ့်မည်။ ဒါကြောင့် ဒုက္ခမပေးချင်။ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ကားကိုထိုနေရာတွင် ရပ်ထားရင်း၊ ကားကိုလာတွန်းမည့်အချိန်ကို စောင့်နေသည်။ ၁၅ မိနစ်ခန့် စောင့်နေသည့်တိုင်အောင် အခြေအနေက မထူးခြား။ သူစိတ်ပျက်လက်ပျက်ဖြစ်နေစဉ် ဂါဝန်ဖြူဖြူနှင့် ကောင်မလေးကို ရထားသံလမ်းပေါ်တွင် ရပ်နေတာ တွေ့လိုက်ရသည်။ သူက ကားတံခါးဖွင့်ကာ ဆင်းလိုက်တော့ ကောင်မလေးက ထွက်ပြေးသွားလေသည်။

"ဖြူဖြူ . . . ရပ်ဦး . . . ဖြူဖြူ"

သို့သော် ကောင်မလေးကမရပ်။ ချိုချိုသင်းက ကောင်မလေးနောက်မှ ပြေးလိုက်သွားမိသည်။ ကောင်မလေးက ရှေ့ကပြေး။ သူက နောက်ကလိုက်။ ကလေးတစ်ယောက် ပြေးသွားတာကိုပင် သူက မှီအောင်မလိုက်နိုင်တာ တွေ့ရသည်။ ဘယ်လောက်အထိ ပြေးလာခဲ့သည် မသိ။ သူတော်တော်ပင် မောဟိုက်နေတော့မှ ကောင်မလေးက ခြံတစ်ခြံထဲပြေးဝင်သွားတာ ဂရုထားလိုက်မိ၏။ ကောင်မလေးဝင်သွားသောခြံက တစ်နေ့က သူရောက်ခဲ့သော၊ ဒေါ်မူမူဆိုသူ အမျိုးသမီးကြီး တစ်ယောက်တည်းနေသည့် ခြံဖြစ်နေလေသည်။

ခြံဝတွင်ရပ်ကာ သူအိမ်ကြီးဆီ အကဲခတ်လှမ်းကြည့်လိုက်၏။ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်မှောင်မည်းနေသည်။ ဒီအချိန်ဆိုရင် ဒေါ်မူမူအိပ်မောကျနေသော အချိန်သာဖြစ်ပေမည်။ ကောင်မလေးက အခုရင်တစ်ခါသူတွေ့ဖူးသလိုပင် အိမ်ရှေ့တံခါးကြီးက



www.burmeseclassic.com

www.burmeseclassic.com



မဝင်ဘဲ အိမ်အနောက်ဘက်ပြေးသွားတာ တွေ့လိုက်ရသည်။ ဒီတစ်ခါတော့ မျက်ခြည်ပြတ်မခံဘဲ ချိုချိုသင်း ထိုနေရာကို ပြေးလိုက်သွား၏။ မီးဖိုနောက်ဘက်တွင် သီးသန့်အဆောင်ငယ်လေးတစ်ခုရှိတာ တွေ့ရသည်။ စတိုခန်းလို မလိုသောပစ္စည်းများ ထားသောနေရာပင် ဖြစ်ပေမည်။ ကောင်မလေးက ထိုအခန်းထဲဝင်သွားလေသည်။ တံခါးကိုဆွဲဖွင့်ကာ ဝင်သည်မဟုတ်။ တံခါးကို ဖေါက်ထွင်းကာ ဘာမှမရှိသကဲ့သို့ ပြေးဝင်သွားခြင်း ဖြစ်သည်။

ချိုချိုသင်းက ထိုအခန်းတံခါးကိုဆွဲဖွင့်ကာ အထဲဝင်လိုက်သည်။ အထဲတွင် အတော်ပင်မှောင်နေ၏။ ဝင်ပေါက်အနီးတွင် မီးခလုတ်တစ်ခုကို ဝိုးတဝါးမြင်ရသဖြင့် စမ်းကာဖွင့်လိုက်သည်။မျက်နှာကျက်က ဝါကျင့်ကျင့်မီးလုံးတစ်လုံးလင်းလာ၏။ အခန်းကို ကောင်းစွာမြင်ရသည်။

ပစ္စည်းဟောင်းများကို တစ်ဘက်နံရံတွင် စုပုံထားတာ တွေ့ရ၏။ အခန်းအလယ်တွင်မူ မြေပြင်နှင့် တညီတည်းဖြစ်နေသော ခြောက်ပေခန့်ရှိသည့် တံခါးတစ်ချပ်ကို တွေ့ရ၏။ မြေအောက်ခန်းရှိပုံရကာ ဤတံခါးမှာ မြေအောက်ခန်းသို့ဆင်းသော တံခါးသာ ဖြစ်ရပေမည်။ အခန်းထဲဝင်သွားသော ကောင်မလေးကိုမူ ဘယ်လိုမှ ရှာဖွေမတွေ့။ ပျောက်ချင်းမလှ ပျောက်ဆုံး၍နေလေသည်။

သူ့နောက်က ချောက်ကနဲ မီးခလုတ်ပိတ်သံကြားကာ မှောင်



www.burmeseclassic.com

www.burmeseclassic.com



အတိပြန်ကျသွား၏။ ချိုချိုသင်းက နောက်လှည့်ကြည့်လိုက်၏။ အလင်းရောင်အနည်းငယ်ရှိသော တံခါးဝတွင် အလင်းရောင်ကို ကျော ပေးရပ်နေသော မည်းမည်းအရာကို တွေ့ရ၏။ သူကြည့်နေစဉ်မှာပင် ထိုမည်းမည်းအရာ၏လက်က မြောက်တက်သွားသည်။ သူ့ခေါင်းကို တစ်စုံတစ်ခုနှင့် ရိုက်လိုက်ခြင်းဖြစ်သည်။ ချိုချိုသင်းလည်း မူးမိုက်ကာ မြေပြင်ပေါ် လဲကျသွားလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ညိုညိုဝင်း တရေးနိုးလာသောအခါ သူ့အစ်မချိုချိုသင်း အခန်းထဲမှာမရှိသည်ကို တွေ့လိုက်ရသည်။ အပေါ်အပါးထသွား သည်ထင်သဖြင့် တစ်အိမ်လုံးကို လိုက်ရှာဖွေသော်လည်း မတွေ့။ ဒီတော့ အိပ်ယာမဝင်မီက ပြောခဲ့သလို ပြဿနာကို အဆုံးသတ် အဖြေရှာဖို့ ထွက်သွားခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သူ ဘာလုပ်ရရင်ကောင်းမလဲ။ နောက်ဆုံး ထက်ထွန်းထံ ဖုန်းဆက်လိုက်ရသည်။ ထက်ထွန်းကား အိပ်ယာမှ ထလာဟန်တူ သည်။ သူက အကင်းပါးသူပီပီ ဤအချိန်ဖုန်းဆက်ခြင်းမှာ အရေး တကြီး ပြဿနာရှိ၍ဖြစ်ကြောင်း သဘောပေါက်ပုံရ၏။

"ကဲ . . . ပြော . . . ညိုညို ဘာတွေဖြစ်နေတာလဲ"

"ချိုချို . . . ပျောက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲမှာရော ရှာပြီးပြီလား"

"ရှာပြီးပြီ၊ အဖေတို့နိုးလာမှာလည်း ကြောက်ရသေးတယ်၊ ဘာလုပ်ရမှန်းမသိလို့ ကိုထက်ဆီ ဖုန်းဆက်လိုက်တာ"

"ကောင်းတယ်၊ သူ ဘယ်သွားတယ်ထင်လဲ"

"ရထားလမ်းဆုံပဲ ဖြစ်မှာပေါ့၊ အဲဒါ ညိုညို . . အခုပဲလိုက်သွားမလို့"

"မင်းတစ်ယောက်တည်းမသွားနဲ့၊ ငါလာခေါ်မယ်၊ အိမ်ရှေ့ကပဲ စောင့်နေဟုတ်လား"

"ကောင်းပြီ . . . ကိုထက်"

နောက်ဖေးတံခါးကိုဖွင့်ကာ ညိုညိုဝင်း၊ အသာအယာပင် ထွက်လာခဲ့သည်။ အိမ်ထဲမှာ ကားကိုရှာမတွေ့။ ချိုချိုသင်းကားနှင့် ထွက်သွားတာ သေချာသည်။ ထို့ကြောင့် အိမ်ရှေ့လမ်းပေါ်မှ စောင့်စားနေခဲ့သည်။

မကြာမီ ထက်ထွန်း ကားတစ်စီးနှင့် ရောက်လာ၏။ ရှေ့ခန်းတံခါးကို ဖွင့်ပေးရင်း . . .

"မြန်မြန်တက် ညိုညို"

ညိုညို ကားထဲရောက်သည်နှင့် တစ်ရှိန်ထိုးမောင်းထွက်ခဲ့၏။ ဟုတ်သည်။ နောက်ကျနေ၍မဖြစ်။ နောက်ကျလျှင် ချိုချိုသင်း အန္တရာယ်ကျရောက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချိုချိုသင်း သတိရလာသည်။ သူ မြေတိုက်ခန်းငယ်တစ်ခု ထဲရောက်နေတာ တွေ့လိုက်ရ၏။ မျက်နှာကျက်တွင် နီကျင့်ကျင့်မီး လုံးတစ်လုံးသာ ထွန်းလင်းနေသည်။ သူ့ခေါင်းမှာ အရိုက်ခံရသော အရှိန်ဖြင့် နာကျင်နေကာ အနည်းငယ် မူးနောက်နေဆဲဖြစ်၏။

သူ့ဘေးနံရံတွင် မှီထားသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသဖြင့် ရုတ်တရက် လန့်ဖြတ်သွား၏။ အလောင်းက ပျောက်ဆုံးနေသော ခင်စိုးလှိုင်၏အလောင်းဖြစ်ကာ၊ ခြေထောက် နှစ်ဘက်ကို ဆန့်တန်း၍ နံရံကို ကျောမှီထိုင်နေသည့်ပုံစံ သေဆုံးနေ ခြင်းဖြစ်၏။ သူ့မျက်စိနှစ်လုံးကို သံချွန်နှစ်ချောင်းထိုးဖောက်စိုက်ဝင် နေတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြေတိုက်တံခါးဖွင့်သံကြားသဖြင့် အသာပြန်လှဲကာ ချိုချို သင်းက မှေးချင်ယောင်ဆောင်နေလိုက်သည်။ သူ့ခြေတွေလက်တွေ ကို တုတ်နှောင်မထားသည့်အတွက် သူက တစ်ပန်းသာနေ၏။ သူလဲ နေရာအနီးတွင် တစ်တောင်ခန့်ရှိ တုတ်တစ်ချောင်းကို တွေ့ရသဖြင့် ထိုတုတ်အနားရောက်အောင် လက်ကိုရွှေ့ထားလိုက်၏။ လိုအပ် လျှင် တုတ်ကိုအမြန်ဆုံးကောက်ယူ အသုံးပြုနိုင်အောင်ဖြစ်သည်။

မကြာမီ လှေကားပေါ်မှဆင်းလာသော မည်းမည်းအရာကို တွေ့ရသည်။ ချိုချိုသင်းက မျက်လုံးများကို မှေးစင်းကာ သတိလစ် ချင်ယောင်ဆောင်ရင်း အကဲခတ်ကြည့်နေ၏။ ထိုသူကား အရပ်ရှည် ၏။ ဘောင်းဘီရှည်အနက်၊ ရှပ်အင်္ကျီအနက်၊ ကုတ်အင်္ကျီအနက်တို့ ကို ဝတ်ဆင်ထားရုံမက ခေါင်းတွင်လည်း အနက်ရောင်ခေါင်းစွပ် တစ်ခုကို စွပ်ထားသဖြင့် ကြည့်ရသည်မှာ လူမည်းကြီး တစ်ယောက် လို ဖြစ်နေ၏။ ဝတ်စုံနက်ဝတ်ကာ လူသတ်မှုများကျူးလွန်နေတာ ဒီလူပဲဖြစ်မည်။ ဒါကြောင့် ဦးထွန်းသန်းက သူမည်းမည်းကြီးမြင်လိုက် ရသည်ဟု ပြောခြင်းဖြစ်ပေမည်။

ဝတ်စုံနက်နှင့်လူက သူ့ဘေးတွင် ဒူးထောက်ထိုင်လိုက်၏။ သူ့ခြေထောက်နှစ်ဖက်ကို ကြိုးဖြင့်ချည်နှောင်နေသည်။ ဘာလုပ်ဦး မည်မသိ။ ချိုချိုသင်းက ငြိမ်ကာ အခွင့်ကောင်းကို စောင့်စားနေ၏။ ဒီလူက ခြေထောက်တွေကို ကြိုးနှင့်ချည်ပြီးသောအခါ အထက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရွေ့လာပြီး ချိုချိုသင်း၏ လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ လက်တွေကိုပါ ကြိုးနှင့်တုတ်နှောင်ရန် စီမံပုံရ၏။ ထိုအခြေအနေကိုပင် ချိုချိုသင်းက အကောင်းဆုံးအသုံးချလိုက်သည်။ လက်တစ်ဖက်က တုတ်ကိုကောက်ယူလိုက်ကာ ဝတ်စုံနက်ခေါင်းကို ရိုက်ချလိုက်ခြင်း ဖြစ်သည်။ အလစ်တိုက်ခိုက်ခံရခြင်းဖြစ်သဖြင့် ဝတ်စုံနက်သည် ရှောင်လွှဲချိန်မရတော့ဘဲ တုတ်ချက်ကြောင့် လဲကျ၍သွားလေတော့သည်။

ဒီတော့မှ ချိုချိုသင်းက လဲကျနေသော ဝတ်စုံနက်၏ခေါင်းမှ ခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်။ ဒီဝတ်စုံနက်နှင့်လူမှာ ဘယ်သူဖြစ်ကြောင်း သူသိချင်လှပြီဖြစ်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

မီးရထားလမ်းဆုံ ဂိတ်တံခါးဆီ ထက်ထွန်းတို့ကားကလေး ဖြင့် ရောက်ရှိလာသည်။ ထိုနေရာတွင် ရပ်ထားသော ကားကလေး ကို တွေ့ရ၏။ ထက်ထွန်းရော ညိုညိုဝင်းပါ ကားပေါ်က ဆင်း၍ ကြည့်သည်။ ရပ်ထားသောကားက ချိုချိုသင်းယူသွားသော ကားဖြစ် သည်မှာမှန်သော်လည်း ကားထဲတွင် ချိုချိုသင်း၏ အရိပ်အယောင် ကိုမှ မတွေ့ရ။ ညိုညိုဝင်းက ကားမောင်းသူဘက်မှ ကားတံခါးပွင့် နေသည်ကိုကြည့်၍ . . .

"သူ့ကိုကားထဲကနေ တစ်ယောက်ယောက်က ဖမ်းခေါ်သွား တာ ဖြစ်ရမယ်"

ဟုမှတ်ချက်ချ၏။ ထက်ထွန်းက . . .

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုကိုတွေ့လို့ ကားပေါ်က အလျှင်အမြန် သူဆင်းလိုက်သွားတာလည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့် ကားတံခါးကိုတောင် ပြန်မပိတ်နိုင်ခဲ့တာပေါ့"

သူတို့ ဘူတာဘက်ကို လျှောက်သွားကာ ကြည့်ကြသည်။ ဘူတာပျက်ထဲတွင် ဘာမှမရှိ။ ဦးထွန်းသန်းနေခဲ့သည့် ရထားတွဲပျက်ထဲတွင်လည်း ဘာမှမရှိ။ ထက်ထွန်းက လက်နှိပ်ဓါတ်မီးယူလာရာ လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်တော့ တွဲပျက်နံရံမှ သွေးကွက်တွေ တွေ့ရ၏။ နှာခေါင်းထဲတွင်ပါ ညှီစို့စို့သွေးနံ့ကြီး နံလာသဖြင့် သူတို့ ထိုနေရာက ထွက်လာခဲ့ကြသည်။

သူတို့ကားဆီ ပြန်လျှောက်လာကြသည်။ ထိုစဉ် ညှိုညှိုဝင်းက တစ်နေရာကို လက်ညှိုးထိုးပြကာ . . .

"ဟိုမှာ ကောင်မလေးတစ်ယောက်"

ဟုပြောလိုက်၏။ ဂါဝန်ဖြူဖြူနှင့် ဆယ်နှစ်အရွယ်ကောင်မလေးတစ်ယောက်က တစ်နေရာက ရပ်ငေးကာ သူတို့ကိုကြည့်နေလေသည်။ ထက်ထွန်းက လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်သောအခါ ပျောက်၍သွားသည်။ လက်နှိပ်ဓါတ်မီးကို ပိတ်လိုက်သောအခါ ပြန်ပေါ်လာသည်။ သူတို့နှစ်ယောက်က ကောင်မလေးဆီပြေးသွားသောအခါ ကောင်မလေးက ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစွပ်ကိုဆွဲချွတ်လိုက်၍ ဝတ်စုံနက်၏မျက်နှာကို မြင်လိုက်ရသောအခါ ချိုချိုသင်းသည် အံ့အားသင့်၍ သွားလေသည်။ ထိုသူမှာ သူဘယ်လိုမှထင်မှတ်မထားသော ဒေါ်မူမူဖြစ်၍ နေလေသည်။ ထိုစဉ် ဒေါ်မူမူမျက်လုံးတွေက ဖြတ်ကနဲပွင့်လာသဖြင့် ချိုချိုသင်း ရုတ်တရက်လန့်ကာ ကြောင်သွားသည်။ ထိုစဉ်ဒေါ်မူမူက သူ့မျက်နှာကို လက်ပြန်ရိုက်ချလိုက်သဖြင့် မျက်လုံးထဲတွင် မီးတွေပွင့်ထွက်သွားကာ ပက်လက်လန်လဲကျသွား၏။

ခေါင်းက အရိုက်ခံထားရသည့် ဒဏ်ချက်ကြောင့် မူးနောက်နောက်ဖြစ်နေသော ဝေဒနာကလည်း မပျောက်သေး။ မျက်နှာပြင်တစ်ခုလုံးလည်း နာကျင်နေ၏။ ထိုစဉ် သူ့လက်တွေကို ကြိုးနှင့်တုတ်



www.burmeseclassic.com

www.burmeseclassic.com



နှောင်တာ ခံလိုက်ရသည်။ ပြီးတော့ သူ့ခန္ဓာကိုယ်ကိုဆွဲထူကာ သေဆုံးနေသော ခင်စိုးလှိုင်အလောင်းနှင့် ဘေးချင်းယှဉ်၍ အုတ်နံရံတွင် ထောင်ထားလိုက်၏။ ဒေါ်မူမူမျက်နှာက ခက်ထန်မာကျောနေသည်။

"ငါ . . ဒီနေရာကလေးကို ပြန်လာတယ်ဆိုတာ ငါ့မိသားစုတွေကို လွမ်းဆွတ်လို့ပဲ၊ တစ်ယောက်တည်း အေးအေးလူလူ ဇာတ်မြှုတ်နေတော့မယ်လို့ တွေးတောခဲ့တယ်၊ ဒီကိစ္စတွေက အနှစ်သုံးဆယ်ကျော်လည်း ကြာခဲ့ပြီ၊ အခုတော့ ငါ . . အေးအေးလူလူ မနေရအောင် နင်တို့တွေက ဒီကိစ္စတွေကို ပြန်လည်တူးဆွဖို့ ကြိုးစားခဲ့ကြတယ်၊ အဲသလိုလုပ်တဲ့သူတိုင်းဟာ ငါ့ရန်သူပဲ၊ ငါက ရှင်းလင်းပစ်ရမှာပဲ"

BURMESE CLASSIC

သူ့ပုံစံကြည့်ရတာ ယဉ်ယဉ်ကလေးရှုးသွတ်နေသော ပုံစံဖြစ်သည်။

"ဒါကြောင့် ကက်နက်ဆိုတဲ့ ကောင်လေးကို သတ်ခဲ့တယ်၊ သူ့ကောင်မလေးကို မသတ်ချင်လို့ ဖမ်းခေါ်လာပြီး ဒီကိစ္စတွေကို မမြင်မသိပါဘူးလို့ ပြောခိုင်းပေမယ့် ကောင်မလေးက ငြင်းခဲ့တယ်၊ ဒါကြောင့် ငါ သူ့မျက်လုံးတွေ ဖောက်ပစ်ခဲ့တာပဲ"

စိတ်ထားမမှန်သော လူတစ်ယောက်မှာ သူထင်ရာကို ပြုမူနိုင်လေသည်။ ချိုချိုသင်းက စကားပြောကာ အချိန်ဆွဲထားဖို့ စိတ်ကူးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ဦးထွန်းသန်းကို သတ်ခဲ့တာကရော"

"ဒီလူကြီးက ငါ့အကြောင်းတွေကို ရိပ်မိနေပြီလေ၊ ဒီတော့ နှုတ်ပိတ်ပစ်ရတော့မှာပေါ့၊ ပြီးတော့ ငါက ငယ်ငယ်ကတည်းက သူ့ကိုမကျေနပ်ခဲ့ဘူး၊ သူပေါ့လျော့လို့ ဒီလိုအဖြစ်ဆိုးကြီး ဖြစ်ခဲ့ရတာ၊ အားလုံးရဲ့တရားခံက သူပဲ"

"ကျွန်မကိုရော ဘာလို့ဖမ်းထားရတာလဲ"

"နင်ကလည်း ကောင်းကောင်းမနေဘူးလေ၊ ဒီကိစ္စကို ဟောင်ဖွာဟောင်ဖွာနဲ့ တွေ့ကရာလူကို လျှောက်ပြီးပြောတယ်၊ အခုကြည့်လေ . . . ဒီကိစ္စကို ဖေါ်ထုတ်ဖို့လုပ်တယ်၊ နင့်ကိုတော့ မသတ်ခင် နင့်ပါးစပ်ကို အပ်နဲ့ချုပ်ပစ်ရမယ်၊ ဒါမှနောင်ဘဝမှာ တခြားသူတွေကို လျှောက်မပြောနိုင်မှာ"

ချိုချိုသင်း လန့်၍သွားသည်။ ကြည့်လိုက်တော့ ဒေါ်မူမူ လက်ထဲတွင် ကိုင်ထားသော အပ်နှင့်အပ်ချည်ကို တွေ့ရ၏။ ချိုချိုသင်း ရှုန်းကြည့်သည်။ သို့သော် တုတ်တုတ်မှ လှုပ်လို့မရ။ သူပြုသမျှ နေရတော့မည့် အခြေအနေ။ ဒေါ်မူမူက သူ့ရှေ့တွင်ဒူးထောက်ထိုင်ကာ ချိုချိုသင်း၏နှုတ်ခမ်းနှစ်လွှာကို စုထပ်ကာ ဆွဲကိုင်ထားရင်း အပ်နှင့်ထိုးချုပ်မည်ပြုခိုက် . . .

လှေကားပေါ်မှ ထက်ထွန်းနှင့်ညိုညိုဝင်း ပြေးဆင်းလာကြ သည်။ ဒေါ်မူမူက နောက်ပြန်လှည့်ကာ ရင်ဆိုင်ဖို့ကြိုးစား၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှပုဆိန်တစ်လက်ကို ကောက်ယူဖို့ ကြိုးစားလိုက်သော်လည်း သူ့ရှေ့ကို လျှင်မြန်စွာရောက်လာသော ထက်ထွန်းက မေးကို တအား ထိုးလိုက်ရာ . . .

"ခွပ်"ကနဲ အသံနှင့်အတူ လဲကျသွားလေတော့သည်။

ထက်ထွန်းက ချိုချိုသင်း၏ လက်နှင့်ခြေမှကြိုးများကို ဖြည်ပေးရင်း . . .

"ညိုညိုရေ . . . ရဲအုပ်ကြီးဆီ ဖုန်းဆက်လိုက်တော့"

ဟု စေခိုင်းလိုက်လေသည်။ သူ့အဖေက ချိုချိုသင်းကို ရန်ကုန်ပြန်မလွှတ်တော့။ ချိုချိုသင်းက ထက်ထွန်းတို့ကျောင်းတွင် အင်္ဂလိပ်ဘာသာပြဆရာမ ဝင်လုပ်နေ၏။ သူတို့နှစ်ယောက်တတွဲတွဲနှင့် ချစ်သူတွေဘဝရောက်နေကြရာ မကြာမီ လက်ထပ်ဖြစ်ကြလိမ့်မည်ဟု ထင်ရလေသည်။

(ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ)

**ဒေဝစကြာ**

(အောက်တိုဘာ ၂၀၁၁)



www.burmeseclassic.com